# ဗုဒ္ဓဝါဒ အပေါ် ပညာရှင်တို့ အမြင်

# BUDDHISM IN THE EYES OF INTELLECTUALS



သစ္စာရှင်
မြန်မာပြန်သည်။

ပန်းချီ သန်းမြင့်အောင်

K. SRI DHAMMANANDA

# BUDDHISM IN THE EYES OF INTELLECTUALS

# ဗုဒ္ဓဝါဒ အပေါ်

## ပညာရှင်တို့အမြင်

သစ္စာရှင် မြန်မာပြန်သည်

သာသနာ ၂၅၄၁၊ ကောဇာ ၁၃၅၉၊ ခရစ် ၁၉၉၇ ခုနှစ်

**စာမူခွင့်ပြုအမှတ်** ၉/၉၈(၁)

**မျက်နှာဖုံးခွင့်ပြုအမှတ်** ၄၄/၉၈(၁)

**ထုတ်ဝေသူ** ဦးရဲမြင့်
တက်လမ်းစာပေ
၉၆၇၊ ပဒေသာရပ်၊
အင်းစိန်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းဖလင်** ဦးထွန်းဆိုင်နှင့်အဖွဲ့

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)
ကလျာအော့ဖ်ဆက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း** သန်းမြင့်အောင်

**စီစဉ်သူ** အေးမိုး

**ကွန်ပျူတာစာစီ** Pearl

**ပုံနှိပ်ခြင်း** ၁၉၉၈

**အုပ်ရေ** ၁၀၀၀

**တန်ဖိုး** ၁၅၀ ကျပ်

**ဗိုင်ဦးချိုစာပေ**
၂၃၃၊ ဒုတိယထပ်(ယာ)
၂၉(အထက်)လမ်း၊ ရန်ကုန်။
ဖုန်း - ၂၄၂၀၅၂

# မာတိကာ


- မြန်မာပြန်သူ၏အမှာ
- မြန်မာဘာသာသို့ပြန်ဆိုထုတ်ဝေခွင့်ပြုလွှာ
- ပြုစုသူ၏အမှာ

ဗုဒ္ဓ ၁၁

၁။ ကျင့်ဝတ်သီလ
၂။ မေတ္တာနှင့်ပညာ
၃။ မကင်းမကွာရှိနေသူ
၄။ အမှန်တရားရှာဖွေခြင်း
၅။ ဖြေရှင်းနည်း
၆။ မျက်ကန်းယုံကြည်ခြင်း
၇။ ခြားနားခြင်း
၈။ အကြောင်းနှင့်အကျိုး
၉။ ဗုဒ္ဓ
၁၀။ တရားတော်
၁၁။ ကျင့်စဉ်
၁၂။ သိစိတ်
၁၃။ ဉာဏ်တော်အနန္တ
၁၄။ မောဟနှင့်မိုက်မဲမှု

၁၅။ သမားတော်
၁၆။ လူသားအားလုံးအတွက်
၁၇။ ဖန်ဆင်းရှင်မဟုတ်
၁၈။ ပညာရှိဖခင်
၁၉။ လမ်း
၂၀။ နေမင်း၏အလင်းရောင်
၂၁။ မြင့်မြတ်သောဆရာ
၂၂။ ယုံကြည်မှုသက်သက်
၂၃။ စိတ်



၂၄။ အခြေခံသွန်သင်ဆုံးမမှု
၂၅။ မြင့်မြတ်မှန်ကန်သောတရား
၂၆။ တံတား
၂၇။ အမှန်နှင့်အမှား
၂၈။ ကိုယ်ကျင့်သီလ
၂၉။ အတုမဲ့ဝါဒ
၃၀။ လက်တွေ့ကျသောဝါဒ
၃၁။ ဓမ္မ
၃၂။ စကြဝဠာဆိုင်ရာဘာသာတရား
၃၃။ သူ့အသက်သတ်ခြင်း
၃၄။ အမြဲရှင်သန်နေမည့်ဝါဒ

၃၅။ ပီတိ
၃၆။ စိန်ခေါ်ခြင်း
၃၇။ ယူဆချက်ဟူ၍မရှိ
၃၈။ ဘာသာရေးတော်လှန်မှု
၃၉။ ဘဝနေနည်း
၄၀။ လာလှည့်ရှုလှည့်
၄၁။ လူသားထုအတွက်
၄၂။ သေခြင်း
၄၃။ မည်သူ၏ကျေးကျွန်မှုမဟုတ်
၄၄။ စာနာတရားအရှိဆုံး
၄၅။ တည်မြဲနေမည့်ဝါဒ
၄၆။ ပြဿနာများ၏အဖြေ
၄၇။ ဓမ္မ
၄၈။ စိတ်လေ့ကျင့်မှု
၄၉။ သာသနာပြုခြင်း
၅၀။ အဓမ္မမတိုက်တွန်း
၅၁။ အဆုံးစွန်အမှန်တရား
၅၂။ အယူသီးခြင်းကင်းသောဝါဒ
၅၃။ လက်ဖဝါး
၅၄။ စိတ်ချမ်းမြေ့မှု
၅၅။ လူမှုဘဝသာယာရေး
၅၆။ အသောကဘုရင်
၅၇။ နိုင်မာသောမှုများ

၅၈။ ဓမ္မသည်နိယာမ

၅၉။ နှိပ်ကွပ်ခြင်း

၆၀။ တန်ဖိုး

၆၁။ ပညာ

၆၂။ မုသားဆိုခြင်း

၆၃။ ကံကောင်းသော

၆၄။ ကယ်တင်ရှင်

၆၅။ အဓမ္မတိုက်တွန်းခြင်း

၆၆။ ဘာသာတရားများကိုလေးစားခြင်း

၆၇။ အကဲဖြတ်ခြင်း

၆၈။ ဖုံးကွယ်နေသောစွမ်းအားများ

၆၉။ ခွဲခြမ်းစိတ်ဖြာခြင်း

၇၀။ ပညာ

၇၁။ ဘာသာရေးရန်သူ

၇၂။ ဂိုဏ်းဂဏစွဲဝါဒ

၇၃။ ငါးပါးသီလ

၇၄။ အောင်မြင်မှုရလိုက်သူ

၇၅။ ပါလီမန်စနစ်

၇၆။ မှန်သောစကား

၇၇။ မိတ်ဆွေ

၇၈။ ကယ်တင်ရှင်

၇၉။ အတ္တအမြင်

၈၀။ နောက်ဘဝ

# ဗုဒ္ဓဝါဒနှင့်ငြိမ်းချမ်းရေး


၈၁။ ဒီမိုကရေစီ

၈၂။ ခိုင်ခံ့သေချာသော

၈၃။ အကျင့်စရဏ

၈၄။ ကမ္ဘာ့ယဉ်ကျေးမှု

၈၅။ ငြိမ်းချမ်းရေး

၈၆။ လိုနေတာ

၈၇။ မေတ္တာ၏လက္ခဏာ

၈၈။ လွတ်မြောက်ရာ

၈၉။ ပညာသည် ဓား

၉၀။ အလှဆုံးရတနာ

၉၁။ မေတ္တာတရား

၉၂။ ဒေါသနှင့်ကရုဏာ

၉၃။ အောင်မြင်မှု

၉၄။ လွတ်မြောက်ရေး

၉၅။ အနှစ်သာရ

၉၆။ နှိပ်ကွပ်မှုကင်းခြင်း

၉၇။ တိုက်တွန်းမှု

၉၈။ ဘဝရဲ့အမှန်တရား

၉၉။ လွတ်မြောက်မှု

၁၀၀။ နေပျော်ဖွယ်ဖြစ်သောဘဝ

၁၀၁။ ချမ်းမြေ့မှု
၁၀၂။ လွတ်မြောက်ခြင်း
၁၀၃။ ဓမ္မ
၁၀၄။ နိဗ္ဗာန်

## ဗုဒ္ဓဝါဒနှင့်သိပ္ပံပညာ ၆၅

၁၀၅။ ခေတ်သစ်သိပ္ပံပညာ
၁၀၆။ သိပ္ပံပညာကိုရင်ဆိုင်ခြင်း
၁၀၇။ စိတ်ပိုင်းဆိုင်ရာသိပ္ပံပညာ
၁၀၈။ သိပ္ပံပညာ၏လမ်းဆုံး
၁၀၉။ အမှန်တရား၏နိယာမ
၁၁၀။ ကြောင်းကျိုးတရား

## ဗုဒ္ဓဝါဒနှင့်အခြားကိုးကွယ်ရာဘာသာများ ၆၉

၁၁၁။ ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဝါဒ
၁၁၂။ ကျင့်ဝတ်နှင့်ဘာသာတရား
၁၁၃။ ကျေနပ်နေသူ
၁၁၄။ နည်းလမ်းညွှန်ပြသောဆရာ
၁၁၅။ ကျေးဇူးတရား
၁၁၆။ ဗုဒ္ဓဝါဒ
၁၁၇။ အပြစ်
၁၁၈။ ဘုရားနှင့် ဘဝလွတ်မြောက်မှု

၁၁၉။ လူ့ဘဝ

၁၂၀။ သေခြင်း

၁၂၁။ ယုံကြည်မှု

၁၂၂။ သဘာဝကိုသိနားလည်စေခြင်း

၁၂၃။ ခန္ဓာကိုစွန့်ပစ်ခြင်း

- မြန်မာပြန်သူ၏ မေတ္တာပို့၊ ဆုတောင်း၊ အမျှဝေ

အချိန်ကာလများ ရွေ့လျားလာသော်လည်း လူတို့၏အသိဉာဏ်များ တိုးတက်လာသော်လည်း ဗုဒ္ဓ၏ဓမ္မ (တရားတော်များ) သည်ကား အပြောင်းအလဲမရှိ ရှင်သန်ရပ်တည်လျက်ပင်ရှိသည်။

ဖရန်စစ် စတော်ရီ
**Francis Story,**
***Buddhism As World Religion***

ကျေးဇူးရှင်

မိဘနှစ်ပါးတို့အား

ဤစာအုပ်ဖြင့်

ရှိခိုးကန်တော့ပါ၏။

သားမောင်

## မြန်မာပြန်သူ၏အမှာ

ကျွန်တော်သည် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ကမ္ဘာ့ဗုဒ္ဓသာသနာ ပြုအရှင်သေဋ္ဌိလ မဟာထေရ်မြတ် ကိုယ်တော်တိုင် ကမ္ဘာအရပ်ရပ်တွင် ဟောကြားတော်မူခဲ့သော တရားတော်များကို စုစည်းထားသည့် Essential Themes of Buddhist Lectures စာအုပ်ကို စာဖတ်ပရိသတ်များအား ဖတ်ရှုစေလိုသော စေတနာ ဆန္ဒဖြင့် မြန်မာပြန်ဆိုပြီး မျှဝေပေးနေခဲ့ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဘာသာရေးစာအုပ်ကို ဤသို့ မြန်မာပြန်ဆိုနေကြောင်း၊ ကျွန်တော်၏ မွေးရပ်မြေမှ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးသန်းဝင်း (ယုဇနစာတိုက်၊ မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့) သိရှိသောအခါ၊ အလွန်ရှားပါးသည့် Buddhism in the Eyes of Intellectuals စာအုပ်ကို ကျွန်တော် ဖတ်ရှုရန်နှင့် ဖြစ်နိုင်ပါက မြန်မာပြန်ဆို ထုတ်ဝေရန် တိုက်တွန်းရင်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဓမ္မဒါနအဖြစ် ပေးလာပါသည်။

ယင်းစာအုပ်မှာ ထင်ရှားကျော်ကြားသည့် ပညာရှင်များ၏ ဗုဒ္ဓဝါဒအပေါ် အမြင်များ၊ သုံးသပ်ချက်များကို စုဆောင်း

ကောက်နုတ်ဖော်ပြထားသည့် စာအုပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းပညာရှင်များတွင် ဒဿနပညာရှင်များ၊ စိတ်ပညာရှင် များ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံ့ခေါင်းဆောင်များသာမက နိုင်ငံခြားသား ဗုဒ္ဓဘာသာ ရဟန်းတော်များပါ ပါဝင်ပါသည်။

ရှင်တော်ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအပေါ် ၎င်းတို့ ရှုမြင်တွေ့ရှိသည့်အတိုင်း ဘက်လိုက်ခြင်းကင်းစွာ ဓမ္မဓိဋ္ဌာန်ကျစွာ ဝေဖန်သုံးသပ်တင်ပြထားခြင်း ဖြစ်ပါသည်။ ရေးသားထားချက်များမှာ လွန်စွာစိတ်ဝင်စားစရာ ကောင်းပါသည်။ ဗုဒ္ဓအနေဖြင့် အမှန်တရား (သစ္စာတရား) ကို မည်ကဲ့သို့ ပင်ပန်းကြီးစွာ ရှာဖွေတော်မူခဲ့ပုံ၊ သတ္တဝါများအပေါ် မည်မျှ ကရုဏာထားတော်မူပုံ၊ လူသားများအား သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် မည်ကဲ့သို့ လမ်းပြညွှန်ကြားတော်မူပုံ၊ ဗုဒ္ဓကိုယ်တော်တိုင် စံထားလောက်သည့် သီလ သမာဓိ ပညာဖြင့် ပြည့်ဝပုံ၊ အမှန်တရားကို ရှာဖွေရာမှ ဗုဒ္ဓဝါဒ ပေါ်ပေါက်လာပုံ၊ သဘာဝကျသည့် လက်တွေ့ကျသည့် သိပ္ပံနည်းကျသည့် ခိုင်မာသော ဘာသာတရားဖြစ်ပုံ၊ ဒုစရိုက်မှုများမှ ကင်းရှင်းအောင်နေကြပြီး ဒါန သီလ ဘာဝနာ တရားများ ကျင့်ကြံပွားများကာ ဘဝမှန် ထူထောင်ရေးအတွက် မည်သို့ ဆုံးမတော်မူပုံ၊ အချို့ဆိုလျှင် ဖတ်ရှု သုတေသနပြုရင်းနှင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာကြပုံ – စသည်များကို ရှုထောင့်စုံမှ တင်ပြထားကြပါသည်။ ရှုမြင်သုံးသပ်ချက်များသည် အလွန်ပင် နက်ရှိုင်း တန်ဖိုးရှိလှပါသည်။ သာမန် ဗုဒ္ဓဘာသာဝင်များပင် ဤသို့ တွေးမိဆင်ခြင်မိကြမည်မဟုတ်ပါ။ ယင်းစာအုပ်ကို ဖတ်ရှုရခြင်းဖြင့် ဗုဒ္ဓ၏ ဂုဏ်ရောင်

တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာ၏ ဂုဏ်ရောင် မည်မျှထွန်းပြောင်ပုံ၊ မည်မျှမှန်ကန်ပုံတို့ကို အထင်အရှား တွေ့ကြရလိမ့်မည် ဖြစ်ပါသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ပို၍ ဂုဏ်ယူစရာ ပို၍ သဒ္ဓါပွားစရာဖြစ်ကြရမည်မှာ အမှန်ဖြစ်ပါသည်။

သို့သော် မူရင်းစာအုပ် ထုတ်ဝေသူများက စာအုပ်ကို ထပ်ဆင့်ကူးယူ ပုံနှိပ် ဖြန့်ချိခွင့် မပြုကြောင်း တားမြစ်ထားပါသည်။ ထို့ကြောင့် မြန်မာပြန်ဆို ဖြန့်ချိခွင့်ပြုပါရန်အတွက် မူရင်းစာအုပ် ထုတ်ဝေသူများထံ မေတ္တာရပ်ခံခဲ့ရပါသည်။ ၎င်းတို့ကလည်း ဝမ်းမြောက်စွာပင် ခွင့်ပြုကြောင်း ပြန်ကြားလာပါသဖြင့် စာရှုသူများ ဖတ်ခွင့်ရနိုင်ကြစေရန်အတွက် မြန်မာပြန်ဆိုလိုက်ရခြင်း ဖြစ်ပါသည်။ ဤသို့ မြန်မာပြန်ခွင့် ပြုလိုက်သည့်အတွက် သက်ဆိုင်သူတို့အား အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဤသို့ မြန်မာပြန် ထုတ်ဝေလိုက်ခြင်းကြောင့် ဗုဒ္ဓဘာသာသည်သာ အမှန်ကန်ဆုံး အမွန်မြတ်ဆုံး ဘာသာဟု မဆိုလိုပါ။ လူသားတိုင်းသည် မိမိတို့ ယုံကြည်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ခွင့် ရှိကြပါသည်။ ဘာသာတိုင်းသည်လည်း လူသားများ၏အကျိုး၊ လူသားများ၏ နေထိုင်မှုဘဝ မှန်ကန်ရေးကို ရှေးရှု၍ အများကောင်းကျိုးကို အလေးအနက်ထားကြသည်သာ ဖြစ်သည်ကို စွဲမြဲစွာ ခံယူပါသည်။

မူရင်းစာအုပ်ကို စုဆောင်းပြုစုသူကိုယ်တိုင်ကလည်း -

"ဤသို့ဆိုခြင်းကြောင့် ဗုဒ္ဓဝါဒကို ထိပ်တန်းဘာသာရေး အဖြစ် ခံယူကြသူများအနေဖြင့်လည်းကောင်း၊ စုဆောင်းတင်ပြသူ

အနေဖြင့်လည်းကောင်း၊ အခြားဘာသာများ (ယုံကြည်မှုများ)သည် သေးသိမ်သည်ဟု မဆိုလိုပါချေ။ ဤစာအုပ်ကို ထုတ်ဝေလိုက်ခြင်း၏ ရည်ရွယ်ချက်မှာ 'ဗုဒ္ဓဝါဒသည် အခြားဘာသာများထက် သာလွန်မြင့်မြတ်ကြောင်း ပြသရန် မဟုတ်ပေ။ ဗုဒ္ဓဝါဒအပေါ် ပညာရှင်အပေါင်းတို့၏ ဘက်လိုက်မှုကင်းသော အမြင်များ' ကို ဖော်ပြလိုရင်းသာ ဖြစ်လေသည်" ဟု ရှင်းလင်းထားပါသည်။

ဤမြန်မာပြန်စာအုပ် ဖြစ်မြောက်စေရေးအတွက် အဘက်ဘက်မှ ကူညီခဲ့သော ချစ်ဇနီး ဒေါ်သန်းသန်းအားလည်းကောင်း၊ ပြန်ဆိုရေးသားရန် အားပေးကြလျက် ပုံနှိပ်ဖြန့်ချိရန် တာဝန်ယူကြသော တူမဖြစ်သူ မပိုင်ဦးချို (ပိုင်ဦးချိုစာပေ)နှင့် ကိုအေးမိုးတို့အားလည်းကောင်း၊ မူရင်း အင်္ဂလိပ်စာအုပ်ကို ဓမ္မဒါနအဖြစ် ပေးလာသည့် ဦးသန်းဝင်း(ပြင်ဦးလွင်မြို့) အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာရှုသူများအနေဖြင့် ဤမြန်မာပြန်စာအုပ်ကို ဖတ်ရှုပြီး ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ပိုမိုသဒ္ဓါပွားလျက် အလေးထားကျင့်ကြံပွားများနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။

သစ္စာရှင်

၁၁.၂.၁၉၉၇

ဦးမောင်မောင် (သစ္စာရှင်)
၅၇၊ မဥ္ဇူလမ်းသွယ် (၂)၊
ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။

# မလေးရှားနိုင်ငံ ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီး၏ မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခွင့်ပြုလွှာ

**BUDDHIST MISSIONARY SOCIETY**
(FOUNDED IN 1962)
佛 教 弘 法 會
123 Jalan Berhala, Off Jalan Tun Sambanthan, 50470 Kuala Lumpur, Malaysia
Phone : 03-2741886
03-2741889
Fax 03-2733835

**PATRONS**
Y B Datuk Lee Kim Sai
Datuk Eu Eng Hock J P
Mr Teh Thean Choo A M N

**GENERAL ADVISER & SPIRITUAL DIRECTOR**
Ven Dr K Sri Dhammananda Thera, J.S.M., D Litt
Chief High Priest in Malaysia & Singapore

Mg Maung
57 Myintzue Lane (2)
Parami
Yankin Township
Yangon
Myanmar

February 2, 1997

Dear Mg Maung

**PERMISSION FOR TRANSLATION OF BOOKS**

Thank you for your letter dated January 4, 1997 requesting permission to translate '**Buddhism in the Eyes of Intellectuals**' into Myanmar The Buddhist Missionary Society welcomes and fully support your noble intention to propagate the Dhamma to your local readers. We are pleased to therefore, give our permission to you to translate the above mentioned book and to publish it for sale or distribution

Best wishes and may the blessings of the Triple Gem be upon you.

Yours sincerely,

Secretary
Buddhist Missionary Society

## မူရင်းစာအုပ်ကို ပြုစုသူ၏အမှာ

ဗုဒ္ဓဝါဒသည် အလွန်တရာ မြင့်မြတ်သောဘာသာဖြစ်၍ လွန်ခဲ့သော ရာစုနှစ်ပေါင်း (၂၅) နှစ်ကတည်းကပင် လူသားတို့၏ အသိဉာဏ်ကို ပွင့်လင်းစေပြီး အနှောင်အဖွဲ့များ (bondages) မှ လည်းကောင်း၊ အယူသီးသော ကျင့်စဉ်များ (superstitious practices) မှ လည်းကောင်း လွတ်မြောက်အောင် ဆောင်ကြဉ်း ပေးခဲ့သည်။ သိပ္ပံနည်းကျသော ဘာသာတရား (scientific religion) လည်း ဖြစ်ပေသည်။

အခြားသော အယူဝါဒ ဘာသာတရားများကို ရှာဖွေ တွေ့ရှိကြသူတို့အား သက်ဆိုင်ရာဘာသာကို ယုံကြည်ကိုးကွယ် ကြသူများကသာလျှင် ဂုဏ်ပြုကြသော်လည်း၊ ဂေါတမဗုဒ္ဓကိုမူကား မည်သည့်ဘာသာ အယူဝါဒကို ယုံကြည်ကိုးကွယ်သူပင် ဖြစ်စေ ယဉ်ကျေးသိမ်မွေ့သော ပညာရှိသော ပုဂ္ဂိုလ်တိုင်းက ဂုဏ်ပြုကြ ကုန်သည်။

ကမ္ဘာက ဂုဏ်ပြုရသည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိသူ (ဗုဒ္ဓမြတ်စွာ)အား အခြားသော ဘာသာတရားကို ကိုးကွယ်ဆည်းကပ်ကြသူများသာမက လွပ်လပ်စွာ တွေးခေါ်ကြသူများ (so-called free thinkers)ဟု ဆိုလာသူတို့ကသည်ပင်လျှင် ရိုသေလေးစားကြသည်။ သမိုင်းရှုထောင့်မှကြည့်ပြန်လျှင်လည်း ဤလောကတွင် ပေါ်ပေါက်ခဲ့သော မည်သည့်ဆရာကမှ ဘာသာရေးလွတ်လပ်ခွင့်ကို ဤမျှ မပေးခဲ့ပေ။ လူသားများ၏ ဂုဏ်သိက္ခာကို ဤမျှ အသိအမှတ်မပြုခဲ့ချေ။

ဗုဒ္ဓမပွင့်မီကဆိုလျှင် အချို့သော အဖွဲ့အစည်းများသည် ဘာသာရေးကို လက်ဝါးကြီးအုပ်၍ ကိုယ်ပိုင်ပြုလုပ်ခဲ့ကြသည်။ ဗုဒ္ဓကမူ လူ့အဖွဲ့အစည်းရှိ လူသားတိုင်းကို ခွဲခြားခြင်း အလျဉ်းမပြုဘဲ ဘာသာရေးတံခါး ဖွင့်လှစ်ပေးခဲ့သော လူ့သမိုင်းတွင် ထင်ရှားသည့် ဆရာတစ်ဆူ ဖြစ်ပေသည်။

ဗုဒ္ဓက ၄င်း၏တပည့်များကို "မိမိတို့ကိုယ်တွင်း၌ ဖုံးကွယ်လျက်ရှိသော အစွမ်းသတ္တိများကို ဖွံ့ဖြိုးတိုးတက်အောင် မည်ကဲ့သို့မွေးမြူကြရမည်၊ ဘဝသံသရာတစ်လျှောက် ပျော်ရွှင်ချမ်းမြေ့စေရေးအတွက် မိမိတို့၏ အစွမ်းသတ္တိများကို မည်ကဲ့သို့ အကောင်းဆုံး အသုံးချကြရမည်"ကို လမ်းညွှန်တော်မူခဲ့ပေသည်။

ဤသို့ လမ်းညွှန်ခြင်းသည် စာတွေ့အရ ယုံကြည်မှုသက်သက်အရ အစဉ်အလာ ကျင့်စဉ်အရ မဟုတ်မူဘဲ၊ ဗုဒ္ဓရှင်တော်မြတ်၏ ကိုယ်ပိုင် အတွေ့အကြုံများအရ ကမ္ဘာသိ ကြေညာခဲ့ခြင်းသာ ဖြစ်ပေသည်။ ဗုဒ္ဓ၏ သွန်သင်မှုများသည် ကိုးကွယ်ရာဘာသာမဟုတ်ဘဲ မိမိတို့ကိုယ်တိုင် ကျင့်ကြံပွားများ၍ရနိုင်သော

အဆုံးအမများ (နည်းလမ်းများ)သာ ဖြစ်ပေသည်။

ကျွန်ုပ်သည် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပညာရှင်များဟူ၍ လူသိများပြီး ထင်ရှားကျော်ကြားသော - ဒဿနိကပညာရှင်များ၊ စာပေပညာရှင်များ၊ သမိုင်းပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ စာရေးဆရာများ၊ ဘာသာရေးဆရာများ၊ လူမှုရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် နိုင်ငံရေးသမားများ၏ အဆိုအမိန့်တို့ကို ရွေးထုတ်စုဆောင်း ပြုစုခဲ့သည်။ ၎င်းတို့အနက် များစွာသောသူတို့မှာ ဗုဒ္ဓဘာသာဝင်မဟုတ်သူများနှင့် လွတ်လပ်စွာ တွေးခေါ်သူများ ဖြစ်ပါသည်။ ၎င်းတို့က "ဗုဒ္ဓဘာသာသည် လက်တွေ့အကျဆုံး (most practical) နှင့် ကျိုးကြောင်းဆီလျော်ဆုံးသောဘာသာ (rational religion) ဖြစ်သည်။ ယင်းဘာသာကို ကိုးကွယ်ကြသူများအနေဖြင့် နည်းလမ်းတကျ လိုက်နာကျင့်ကြံပွားများကြမည်ဆိုပါက လူသားများ၏ ကောင်းကျိုးကို သိပ္ပံနည်းကျစွာ စွမ်းဆောင်နိုင်လိမ့်မည်ဖြစ်သည်" ဟု ဆိုကြပေသည်။

အဖိုးအနဂ္ဃတန်သော အဆိုအမိန့်များကို ယခုကဲ့သို့ စုဆောင်းပြီး ကောက်နုတ်ဖော်ပြလိုက်ရသည့်အတွက် များစွာ ကျေနပ်ပီတိဖြစ်မိရသည်။ ဤသို့ဆိုခြင်းကြောင့် ဗုဒ္ဓဝါဒကို ထိပ်တန်းဘာသာရေးအဖြစ် ခံယူကြသူများအနေဖြင့်လည်းကောင်း၊ စုဆောင်းတင်ပြသူ ကျွန်ုပ်အနေဖြင့်လည်းကောင်း၊ အခြားဘာသာများ (ယုံကြည်မှုများ) သည် သေးသိမ်သည်ဟု မဆိုလိုပါချေ။

ဤစာအုပ်ထုတ်ဝေလိုက်ရခြင်း၏ ရည်ရွယ်ချက်မှာ "ဗုဒ္ဓဝါဒသည် အခြားသောဘာသာများထက် သာလွန်မြင့်မြတ်ကြောင်း ပြသရန်မဟုတ်ပေ။ ဗုဒ္ဓဝါဒအပေါ် ပညာရှင်အပေါင်းတို့၏

ဘက်လိုက်မှုကင်းသော အမြင်များ” ကို ဖော်ပြလိုခြင်းသာ ဖြစ်ပေသည်။

ဤစာအုပ်ပါ အဆိုအမိန့်များ၏ ခေါင်းစီးများသည် စုဆောင်းပြုစုသူ၏ အာဘော်သာ ဖြစ်ပါသတည်း။

ကေ၊သီရိ ဓမ္မနန္ဒ

**K. Sri Dhammananda**

၂၅.၁၁.၁၉၉၂

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဗုဒ္ဓ

၁။ ကျင့်ဝတ်သီလ

ရှင်တော်ဗုဒ္ဓသည် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ကောင်းမြတ်သည့်တရားတော်များ၏ စုဖွဲ့တည်ရာဖြစ်သည်။ အောင်မြင်ထူးခြားသည့် ဖြစ်ရပ်ပေါင်းများစွာဖြင့် ပြည့်လျှံနေသော သာသနာပြုသက်တမ်း (၄၅)ဝါပတ်လုံး ကိုယ်တော်တိုင်ဟောကြားခဲ့သော တရားတော်များနှင့်အညီ နေထိုင်ကျင့်ကြံတော်မူခဲ့သည်။ လူတို့အား ချို့တဲ့အားနည်းစေမည့် (human frailty) သို့မဟုတ် လောဘ၊ ဒေါသ၊ မောဟတက်စေမည့်အကြောင်းရင်း အခြေခံများအတွက် နေရာလပ်မပေးခဲ့ပေ။ ဗုဒ္ဓဟောကြား ဆုံးမတော်မူခဲ့သော ကျင့်ဝတ်သီလများသည် လူတို့သိရှိရသမျှတို့တွင် ပြီးပြည့်စုံဆုံးဖြစ်ပေသည်။

ပါမောက္ခ မက်စ် မူလာ

**Prof. Max Muller,** ***German Scholar***

၂။ မေတ္တာနှင့်ပညာ

နှစ်ပေါင်းကုဋေ
ရှည်ကြာလေမှ
တစ်ကြိမ်ပွင့်သော
လူသားသစ်ပင်၏ ပန်းလှတစ်ပွင့်။
ပွင့်လေသောခါ
မေတ္တာပျားရည်
ပညာရနံ့တို့ဖြင့်
လောကတစ်ခွင်
သင်းပျံ့ကြိုင်လှိုင်စေ၏။ ။

ကဗျာဆရာ ဆာ အက်ဒ်ဝင် အာနော်လ်
**Sir Edwin Arnold, *The Light of Asia***

၃။ မကောင်းမကျွာရှိနေသူ

ဗုဒ္ဓသည် လူသားတစ်ယောက်ဖြစ်လျက် ရိုးသားစွာ စိတ်အားထက်သန်စွာဖြင့် ဉာဏ်ပညာအလင်းရောင်ကို တစ်ကိုယ်တည်း ရှန်းကန်ရှာဖွေခဲ့ကြောင်း အထင်အရှား တွေ့မြင်ရသည်။ ဤသည်မှာ ဒဏ္ဍာရီမဟုတ်ပါချေ။

ဗုဒ္ဓသည် ယုံတမ်းစကားသဖွယ် အံ့သြစရာများနှင့် ပြီးသောသူတစ်ယောက် ဖြစ်သည်ဟု ကျွန်ုပ် ခံစားမိသည်။ လူအများ လက်ခံနိုင်သော အကျင့်သီလ(များ)နှင့် ပြည့်စုံ၍ မိမိကိုယ်တော်တိုင် တွေ့မြင်သိရှိခဲ့သည့် အရာများကို လူအများသို့ လက်ဆင့်ကမ်း မျှဝေပေးခဲ့သူလည်း ဖြစ်သည်။ ဗုဒ္ဓ၏ တရားတော်

များသည် ကျွန်ုပ်တို့၏ ခေတ်သစ်အတွေးအခေါ်များနှင့် များစွာ နီးစပ် သဟဇာတဖြစ်ပေသည်။

ဗုဒ္ဓက ဘဝ၏ စိတ်မချမ်းမြေ့စရာများနှင့် မရောင့်ရဲ မကျေနပ်မှုများသည် တစ်ကိုယ်ကောင်းဆန်ခြင်းကြောင့် ဖြစ်ရသည်ဟု သွန်သင်ဆုံးမတော်မူခဲ့သည်။ တစ်ကိုယ်ကောင်းဆန်ခြင်းဟု ဆိုရာ၌ (၁) လိုချင်တပ်မက်မှုများကို ကျေနပ်နှစ်သိမ့်လိုမှု (desire to satisfy the senses)၊ (၂) ထာဝရ တည်မြဲရေးကို လိုချင်တပ်မက်မှု (craving for immortality)၊ (၃) ကြီးပွားချမ်းသာခြင်းနှင့် လောကီစည်းစိမ်များကို ခံစားလိုမှု (desire for prosperity and worldliness) တို့ ဖြစ်သည်။ လူတစ်ယောက်သည် အေးချမ်းတည်ငြိမ်မှု (serene) မရမီ ၄င်း၏ အာရုံခံစားလိုမှုနှင့် အတ္တစွဲကို ပယ်သတ်ဖို့လိုသည် ဟုလည်း ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓသည် ခရစ်တော်မဖွားမီ နှစ်ပေါင်း (၅၀၀)ကျော်က မြင့်မြတ်သောဗုဒ္ဓအဖြစ် ပွင့်တော်မူခဲ့ခြင်းဖြစ်သည်။ မိမိကိုယ်မိမိ မမေ့လျော့ကြဖို့၊ သတိရှိကြဖို့ ဗုဒ္ဓက ဆုံးမတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာသည် လူတို့နှင့် မကင်းမကွာရှိ၍ လူတို့၏ လိုအပ်ချက်များနှင့်လည်း နီးစပ်သည်။ လူသားများအပေါ် တန်ဖိုးထားမှုနှင့် အကျိုးပြုမှုတို့တွင် ဗုဒ္ဓသည် ခရစ်တော်ထက် ပို၍ ရှင်းလင်းပြတ်သားတော်မူသည်။ ဗုဒ္ဓသည် လူတို့၏ဘဝဆိုင်ရာ အမေးပုစ္ဆာများကို ဖြေကြားရှင်းလင်းတော်မူရာ၌ မသေချာ မရေရာမှုများ နည်းလေသည်။

စာရေးဆရာ အိပ်ချ်၊ ဂျီ၊ ဝဲလ(စ်)

**H.G. Wells, *English Novelist***

၄။ အမှန်တရားရှာဖွေခြင်း

ဗုဒ္ဓဝါဒသည် အမှန်တရားရှာဖွေခြင်းမှ အစပြုသည်။ ကျွန်ုပ်တို့သည် ကိုယ်ပိုင်အတွေ့အကြုံပေါ်မှီ၍ မှန်သောတရားကို ယုံကြည်ရမည်။ ကြောင်းကျိုးဆင်ခြင်မှုနှင့် ကိုက်ညီသောတရားကို ရှာဖွေရမည်။ အကောင်းမြတ်ဆုံးဖြစ်သောတရား၊ သတ္တဝါအများ အတွက် အကျိုးစီးပွားဖြစ်ထွန်းမည့်တရားများကိုသာ ယုံကြည် ရမည်ဟု ဗုဒ္ဓက သင်ကြားတော်မူသည်။

အရှင်သေဋ္ဌိလ

**Ashin Thittila,**

***Essential Themes of Buddhist Lectures***

၅။ ဖြေရှင်းနည်း

ကိစ္စတစ်ရပ်ကို ဖြေရှင်းရာ၌ ဗုဒ္ဓမြတ်စွာ သွန်သင်ဆုံးမ တော်မူခဲ့သည့်နည်းလမ်းအတိုင်း ငြိမ်းချမ်းစွာ (peacefully) နှင့် ဒီမိုကရေစီကျစွာ (democratically) စဉ်းစားဖြေရှင်းရပေလိမ့်မည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နေရူး

**Nehru,** ***Prime Minister of India***

၆။ မျက်ကန်းယုံကြည်ခြင်း

လူသည် ကိုယ့်အားကိုယ်ကိုးရမည်။ ဗုဒ္ဓက ကျွန်ုပ်တို့ကို ကယ်တင်နိုင်သည်ဟု ယုံကြည်ခြင်းသည် မျက်ကန်းယုံကြည်ခြင်း

ဖြစ်သည်။ ဗုဒ္ဓသည် လမ်းကိုညွှန်ပြသော်လည်း ကျွန်ုပ်တို့အတွက် ထိုလမ်းကို လျှောက်ပေးလိမ့်မည်ကား မဟုတ်ပေ။

အရှင်သေဋ္ဌိလ
**Ashin Thittila,**
***Essential Themes of Buddhist Lectures***

၇။ ခြားနားခြင်း

ဆင်ခြင်တုံတရားရှိသူနှင့် ရူးသွပ်သူတို့ ကွဲပြားခြားနားသကဲ့သို့၊ ဗုဒ္ဓရှင်တော်မြတ်နှင့် သာမန်လူတစ်ယောက်တို့သည်လည်း ကွဲပြားခြားနားပေသည်။

စာရေးဆရာတစ်ဦး
**A Writer**

၈။ အကြောင်းနှင့်အကျိုး

ဗုဒ္ဓက "မသိနားမလည်မှု (အဝိဇ္ဇာ)ကြောင့် လောက၏ ဒုက္ခအပေါင်းကို ခံစားကြရ၏။ မိမိ၏အလုပ် (ကမ္မ)နှင့်အညီ ဘဝတစ်ခုမှတစ်ခုသို့ ကျင်လည်နေကြရ၏။ ကောင်းသောအလုပ်ကို လုပ်လျှင် ကောင်းသောအကျိုးကို ခံစားရ၍၊ မကောင်းသောအလုပ်ကိုလုပ်လျှင် မကောင်းကျိုးကိုသာ ခံစားရ၏" ဟု မိန့်တော်မူခဲ့၏။ ဗုဒ္ဓ၏ အရာရာအပေါ် ရှုကြည့်ပုံ၊ ရှုမြင်နည်းကို ကျွန်ုပ် လက်ခံနိုင်ကြောင်း ဝန်ခံရမည်သာဖြစ်၏။

မလေးရှားနိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင်ဝိသုဒ္ဓါစာရ
**Ven. Visuddhacara,** ***Loving and Dying***

၉။ ပုဂ္ဂိုလ်အထူးကိုခံယူတော်မူထိုက်သောဗုဒ္ဓ

ဗုဒ္ဓမြတ်စွာသည် လူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သည့် တစ်ဦးတည်းသော အရှင်မြတ်ဖြစ်ကြောင်း ထင်ရှားပြသနိုင်ပေသည်။

ပါမောက္ခ စောန်ဒါးစ်

**Prof. Saunders,** ***Literary Secretary YMCA***

၁၀။ တရားတော်

ရှင်တော်ဗုဒ္ဓ၏တရားတော်သည် အယူဝါဒ (doctrine) နှင့် တရားသေဝါဒ (dogma)များထက် ပိုမိုမြင့်မြတ်ပေသည်။ ဗုဒ္ဓ၏ လောကုတ္တရာဆိုင်ရာ ဟောကြားချက်များသည် ခေတ်အဆက်ဆက် လူသားတို့အား တုန်လှုပ်စေခဲ့သည်။

ဒုက္ခအမျိုးမျိုးခံစားနေရပြီး ဘဝလမ်းကြောင်းပျောက်နေသော သူများအတွက် ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရားတော်များသည် အတိတ်ကာလကထက် ယနေ့ ပို၍လိုအပ်ပေသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နေရူး

**Nehru,** ***Prime Minister of India***

၁၁။ ကျင့်စဉ်

ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်များကို နာကြားရသောအခါ ဗုဒ္ဓ၏ ဆင်ခြင်တုံတရားကို စိတ်တွင်စွဲမှတ်မိသည်။ ဗုဒ္ဓကျင့်စဉ်၏ ပထမအဆင့်သည် မှန်ကန်သောအမြင် (right view) ကျိုးကြောင်းဆီလျော်သော တွေးခေါ်မှု (rational outlook) ဖြစ်ပေသည်။ ဗုဒ္ဓသည် "မိမိကိုယ်မိမိ ရှုမြင်ခြင်းနှင့် ကံတရားအမြင်"

(mankind's vision of itself and its destiny )ကို နှောင့်ယှက်မည့် အတားအဆီးမှန်သမျှကို ကြိုးစား၍ဖယ်ရှားပစ်လေသည်။

ဒေါက်တာ အက်စ်၊ရာဒါ ကရစ်ရှ်နန်

**Dr. S. Radha Krishnan, *Gautama the Buddha***

၁၂။ သိစိတ်

ဗုဒ္ဓတွင် တည်ငြိမ်ပြီး သိပ္ပံနည်းကျသောစိတ်နှင့် မေတ္တာကရုဏာစိတ်တို့သည် ထူးခြားစွာ ယှဉ်တွဲရှိနေသည်။ ယနေ့ကမ္ဘာသည် ဗုဒ္ဓဘက်သို့ ပို၍ပို၍ အာရုံစူးစိုက်လာနေကြလေပြီ။ အကြောင်းမှု ဗုဒ္ဓသည်သာလျှင် လူတို့၏ သိစိတ်ကို ကိုယ်စားပြုသောကြောင့် ဖြစ်သည် (represents the conscience of humanity)။

မိုနီ ဘက်ဂီး

**Moni Bagghee, *Our Buddha***

၁၃။ ဉာဏ်တော်အနန္တ

ဗုဒ္ဓသည် လူသားများအပေါ် မေတ္တာထားခြင်းအရာ၌ ရှေ့ဆောင်လမ်းပြဖြစ်၍၊ ဉာဏ်တော်အနန္တ ကြီးမားသောလုံ့လဝီရိယတို့ဖြင့် ပြည့်စုံလျက် အတုမရှိဖြစ်၏။

ဗုဒ္ဓ၏ဉာဏ်ပညာထက် ကိုယ်တော်တိုင် အားထုတ်တော်မူခဲ့သောအကျင့်စရဏက ပို၍မြတ်သည်ဟု ဆိုရချိမ့်မည်။

မိုနီ ဘက်ဂီး

**Moni Bagghee, *Our Buddha***

ရင်သွေးငယ်များကို မြင်တွေ့ရသောအခါ လောင်ကျွမ်းနေသော နေအိမ်အတွင်းမှ နည်းမျိုးစုံသုံး၍ ကယ်တင်ခဲ့သကဲ့သို့၊ ဗုဒ္ဓသည်လည်း ဒုက္ခဆင်းရဲအပေါင်းတွင် နစ်မွန်းနေသော သူတို့အား လွတ်မြောက်ရာနိဗ္ဗာန်ဆီသို့ ရောက်ရှိကြစေရန် လမ်းပြတော် မူခဲ့သည်။

ပါမောက္ခ လပ်က်ရှ်မီး နာရာစု

**Prof. Lakshmi Narasu, *The Essense of Buddhism***

၁၉။ ဗုဒ္ဓသည်လမ်း

စကြာမှုနိအား "လူတို့နှင့်အနီးကပ်ဆုံးသော လက္ခဏာရှိသူအဖြစ်လည်းကောင်း၊ လူတို့အား ထိရောက်စွာ အကျိုးပြုမည့်သူအဖြစ်လည်းကောင်း၊ လူတို့လျှောက်လှမ်းရမည့်လမ်း (way) အဖြစ်လည်းကောင်း၊ လူတို့အတွက် အမှန်တရား (truth)အဖြစ်လည်းကောင်း၊ လူတို့၏ဘဝ (life) အဖြစ်လည်းကောင်း" ကျွန်ုပ်သည် ပို၍ပို၍ ခံစားမိပေသည်။

ဂိုဏ်းအုပ် မီလ်မင်

**Bishop Milman**

၂၀။ နေမင်း၏အလင်းရောင်

ပြင်းထန်သောငြင်းခုံဝေဖန် တိုက်ခိုက်မှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ မလိုမုန်းတီးမှုများ၊ အကြမ်းဖက်မှုများနှင့် ပြည့်လျှံနေသော ဤကမ္ဘာကြီးတွင် ဗုဒ္ဓ၏ တရားတော်များသည် နေမင်း၏ အလင်းရောင်ပမာ ထွန်းလင်းတောက်ပလျက်ရှိ၏။

တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ရန်ကုန်



အနုမြူနှင့် ဟိုက်ဒရိုဂျင်ဗုံးများ ပေါ်ပေါက်လာသည့် ယခုအချိန်တွင် ဗုဒ္ဓ၏ တရားတော်များသည် ပို၍ လိုအပ်လာပြီ ဖြစ်သည်။

နှစ်ပေါင်း (၂၅၀၀) ကျော်လွန်လာခဲ့သည့်တိုင်အောင် ဗုဒ္ဓ၏ တရားတော်များသည် ခိုင်လုံလျက်ရှိပြီး အမှန်တရားများသာ ဖြစ်ကြောင်း သက်သေထူလျက်ရှိပေသည်။ ထာဝစဉ် မှန်ကန်သော ယင်းတရားတော်များကို မိမိတို့ အမှတ်ရကြ၍ မိမိတို့၏ တွေးခေါ် ကြံစည်မှုများနှင့် လုပ်ဆောင်မှုများသည် ယင်းတရားတော်များနှင့် အညီ ဖြစ်လာစေရန် ကြိုးပမ်းကြရပေလိမ့်မည်။

အနုမြူဗုံးခေတ်၏ ကြောက်မက်ဖွယ်ရာ အန္တရာယ်များ ဥပေက္ခာပြုမှုများနှင့် ရင်ဆိုင်ရသော်လည်း မှန်သောကြံစည်မှုနှင့် မှန်သောလုပ်ဆောင်မှုများ တိုးပွားလာအောင် လုပ်ဆောင်ကြရမည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နေရူး

**Nehru, Prime** ***Minister of India***

၂၁။ မြင့်မြတ်သောဆရာ

ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို ကျွန်ုပ်တို့အားလုံး ယုံကြည်စိတ်ချစွာ လိုက်နာနိုင်ကြသည်။ အမျိုးမျိုးသော ဘာသာတရားများ၊ အယူသီးမှုများနှင့် အယူဝါဒများအလယ်တွင် ဤမျှထူးကဲမြင့်မြတ်သော ဆရာတစ်ဆူကို ရှာဖွေတွေ့ရှိနိုင်ကြပါမည်လော။

သိပ္ပံပညာရှင်များ၊ ဒဿနပညာရှင်များနှင့် စာပေ ပညာရှင်များက ဗုဒ္ဓအား "မွေးဖွားလေသမျှတွင် အမြင့်မြတ်ဆုံးလူသား" ဟု ကြေညာကြသည်မှာ အံ့သြဖွယ်မရှိပါချေ။

၂၃၈၂၇

ဤမြင့်မြတ်သောဆရာ၏ အလင်းရောင်သည် လောက၏ ဒုက္ခခပ်သိမ်းနှင့် အမှောင်ထုကို ထိုးဖောက်၍ လူသားများကို အလင်းရောင်ပေး လမ်းပြခဲ့လေပြီ။

ဥရောပတိုက်သား စာရေးဆရာတစ်ဦး

**A European Writer**

၂၂။ ယုံကြည်မှုသက်သက်

ဗုဒ္ဓသည် သစ္စာတရားကို ပိုင်းခြားထင်ထင် အကြွင်းမရှိ အလုံးစုံသိမြင်တော်မူရုံမျှမက၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ဆရာတစ်ဆူဖြစ်လျက်၊ ဗုဒ္ဓ၏တရားတော်များသည် ဒဏ္ဍာရီဆန်ဆန် စိတ်ကူးဖြင့် ဖန်တီးထားခြင်း ကင်း၏။

ဗုဒ္ဓသည် ကိုယ်တော်တိုင်သိမြင်တော်မူသော၊ အကြောင်းအကျိုးညီညွတ်သော၊ လက်တွေ့ကျသော (လာပါ ရှုပါ ကျင့်ကြံပါဟု ဖိတ်ခေါ်ထိုက်သော) တရားများကိုသာ ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓသည် ယုံကြည်မှုသက်သက်ကို မတောင်းခံပေ။ ဉာဏ်ပညာပွင့်လင်းရေးကိုသာ အာမခံပေသည်။

ဂျော့ဂျ် ဂရင်းမ်

**George Grimm, *The Doctrine of The Buddha***

၂၃။ စိတ်

ဗုဒ္ဓက "မိမိ၏ခန္ဓာသည် မကျန်းမမာဖြစ်လိုက ဖြစ်ပေလိမ့်မည်။ သို့သော် မိမိ၏စိတ်သည်ကား ထိုသို့ မကျန်းမမာ မဖြစ်

သင့်။ လူသည် မိမိ၏ခန္ဓာကို များစွာပြုပြင်နိုင်စွမ်းမရှိသော်လည်း မိမိ၏ စိတ်ကိုကား အထိုက်အလျောက် ပြုပြင်နိုင်၏။ နာမကျန်း ဖြစ်နေခိုက်၌ပင်လျှင် စိတ်ကိုတည်ငြိမ်စွာထား၍ သတိရှိပါက ဝေဒနာ၏ အတက်အကျကို ရေလှိုင်းပမာ ခံစားသိရှိနိုင်၏။ ဤ နည်းအားဖြင့် ဝေဒနာ (ဒုက္ခ)၏ သဘာဝကို သိရှိ(သင်ယူ) နိုင်ကြ မည်ဖြစ်သည်" ဟု မိန့်တော်မူ၏။

မလေးရှားနိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင်ဝိသုဒ္ဓါစာရ

**Ven. Visuddhacara, *Loving and Dying***

●

## ဗုဒ္ဓဝါဒ

၂၄။ ဗုဒ္ဓ၏အခြေခံသွန်သင်ဆုံးမမှု

ကိုယ်ကျိုးရှာတပ်မက်မှုကင်းခြင်း (liberation from selfish-craving)ဖြင့် နူးညံ့သိမ်မွေ့မှု (gentleness)၊ အေးချမ်းတည်ငြိမ်မှု (serenity)နှင့် ကရုဏာ (compassion) ထားမှုများ ရှိကြပါလေ။

ဤသည်တို့မှာ အရှေ့တိုင်းဘာသာရေးဖြစ်သည့် ဗုဒ္ဓဝါဒ၏ အခြေခံသွန်သင်ဆုံးမမှုများ ဖြစ်ပေသည်။

အီး၊အေ၊ဘတ်

**E.A. Burtt, *The Compassionate Buddha***

၂၅။ မြင့်မြတ်မှန်ကန်သောတရားတော်

လှည်းဘီး၏ ဘီးထောက်တို့သည် လှည်းဝင်ရိုးအုံပေါ်တွင် အခြေတည်နေသကဲ့သို့၊ ဗုဒ္ဓ၏ တရားတော်အများစုသည် သစ္စာလေးပါးပေါ်တွင် အခြေတည်နေပါသည်။

သစ္စာလေးပါး ရှိခြင်းကြောင့်လည်းကောင်း၊ ဤသစ္စာလေးပါးကို သဘောပေါက်နားလည်သူတို့အား စင်ကြယ်စေခြင်းကြောင့် လည်းကောင်း၊ သစ္စာလေးပါးသည် အမြဲမှန်ကန်ခြင်း (ပရမတ္ထသစ္စာ) ကြောင့်လည်းကောင်း မြင့်မြတ်မှန်ကန်သော သစ္စာလေးပါးဟု အညွှန်းပြုကြပါသည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

**Ven. S. Dhammika, *Good Question Good Answer***

၂၆။ ကောင်းစွာဆောက်လုပ်ထားသောတံတား

ဗုဒ္ဓ၏ တရားတော်များသည် ပျော့ပျောင်းသော သံမဏိများဖြင့် ကောင်းစွာဆောက်လုပ်ထားသော တံတားနှင့် အလားတူ၏။ တရားတော်များသည် တိုးသာဆုတ်သာရှိ၏။ ပြောင်းလဲလာသော အခြေအနေများနှင့် လိုက်လျောညီထွေစွာ ကျင့်ကြံအားထုတ်ပွားများနိုင်၏။ တစ်ချိန်တည်းတွင် အခြေခံ ခိုင်မြဲပြီး သေခြင်းတရားကင်းသော နိဗ္ဗာန်သို့ အရောက်သွားရာ လမ်းမှန်လည်းဖြစ်၏။

ပရာ ခန်တီပါလို

**Phra Khantipalo, *Tolerance***

၂၇။ အမှန်နှင့်အမှား

အယူအဆတစ်ခု မှန်သည် သို့မဟုတ် မှားသည်ဆိုသော အချက်သည် ထိုအယူအဆကို လက်ခံယုံကြည်သူဦးရေ အနည်းအများပေါ်တွင် အခြေတည်ခြင်းမရှိပါ။ တွေ့ရှိချက်များကို

လေ့လာပြီး အထောက်အထားများကို ဆန်းစစ်ခြင်းဖြင့်သာလျှင် အယူအဆတစ်ခု မှန်သည် သို့မဟုတ် မှားသည်ဟု ကောက်ချက်ချ နိုင်ပေသည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

**Ven. S.Dhammika, *Good Question Good Answer***

၂၈။ ကိုယ်ကျင့်သီလ

သန့်စင်ကြည်လင်သည့် ကိုယ်ကျင့်သီလသည် လူ့သဘာဝထဲတွင် နက်ရှိုင်းစွာ ရှိနေကြောင်းကို နက်နဲဆန်းကြယ်သော ကိုးကွယ်ရာဘာသာများ၏ မိခင်ဖြစ်သည့် ဗုဒ္ဓဘာသာက ဖွင့်ဟ ဖော်ထုတ်ခဲ့၏။

လူ၏နှလုံးသားတွင် ကိန်းအောင်းလျက် ရှိသော ကိုယ်ကျင့်သီလကို နိုးထစေလျက် ဂုဏ်ကျက်သရေရှိစွာ နေထိုင်သွားနိုင်ရန်အတွက် မည်သည့်တန်ခိုးရှင်မျှ မလိုအပ်ချေ။

ချားလ်စ် တီ၊ ဂေါဟင်မ်

**Charles T. Gorham**

၂၉။ အတုမဲ့ဝါဒ

ကမ္ဘာပေါ်ရှိ မြင့်မြတ်သောဘာသာတိုင်းကို ကျွန်ုပ်သည် စူးစမ်းလေ့လာခဲ့သည်။ ဗုဒ္ဓမြတ်စွာညွှန်ပြသည့် တုနှိုင်းစရာမရှိအောင် ထူးကဲပြည့်စုံသော မဂ္ဂင်ရှစ်ပါးလမ်းစဉ်နှင့် သစ္စာလေးပါးတရားတို့ကို ဘယ်ဘာသာရေးစနစ်တွင်မှ ကျွန်ုပ် မတွေ့ခဲ့ရပေ။

ကျွန်ုပ်၏ဘဝကို ဗုဒ္ဓလမ်းစဉ်နှင့်အညီ ပြုစုပျိုးထောင်သွားရန် အတွက် ကျွန်ုပ် ကျေနပ်မိသည်။

ပါမောက္ခ ရိုက်စ် ဒေးဗိဒ်စ်

**Prof. Rhys Davids**

၃၀။ လက်တွေ့ကျသောဝါဒ

ဗုဒ္ဓဝါဒသည် လက်တွေ့ကျသောဝါဒ ဖြစ်သည်။ အကြောင်းမှု ဘဝနှင့်လောကကို အမှန်အတိုင်း အရှိအတိုင်း ရှုမြင်ထားသောကြောင့်ဖြစ်သည်။

ဗုဒ္ဓဝါဒသည် လူတို့အား လူမိုက်တို့၏ သုခဘုံ၌ မွေ့လျော်ရန် လိမ်လည်လှည့်ဖြား၍ ဆွဲဆောင်ခြင်း မပြုသကဲ့သို့ ကြောက်မက်ဖွယ်ရာများဖြင့် ခြောက်လှန့်ခြင်းလည်း မပြုချေ။

ဗုဒ္ဓဝါဒသည် လူနှင့် လူ့ပတ်ဝန်းကျင်အကြောင်းကို တိကျစွာနှင့် ဓမ္မဓိဋ္ဌာန်ကျစွာ သိရှိစေသည်။ ပြီးပြည့်စုံသည့် လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိစေနိုင်မည့် လမ်းကိုလည်း ဗုဒ္ဓဝါဒက ညွှန်ပြလေသည်။

သီဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်

အရှင် ဒေါက်တာ ဒဗလျူ၊ ရာဟုလာ

**Ven. Dr. W. Rahula**

၃၁။ ဓမ္မ

ဓမ္မသည် အရှိ (အမှန်) တရားဖြစ်၏ (Dhamma is what is)။ ဓမ္မသည် အရာရာတို့၏ ပကတိဖြစ်တည်မှုကို အရှိအတိုင်း မြင်အောင်ကြည့်ခြင်းဖြစ်၏ (seeing things as they

are)။ ဓမ္မသည် ဗုဒ္ဓ၏ အဆုံးအမလည်းဖြစ်၏ (teaching of the Buddha)။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဝိသုဒ္ဓါစာရ
**Ven. Visuddhacara, *Loving and Dying***

၃၂။ စကြဝဠာဆိုင်ရာဘာသာတရား

အနာဂတ်တွင် ထွန်းတောက်လာမည့် ကိုးကွယ်ရာဘာသာသည် စကြဝဠာနှင့်ဆိုင်သော ဘာသာတရား (cosmic religion) ဖြစ်ပေလိမ့်မည်။

ထိုဘာသာတရားသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘုရားသခင် (personal God) အစွဲကို ကျော်လွန်လျက်၊ တရားသေဝါဒ (dogma) အစွဲနှင့် ဘာသာရေးဆိုင်ရာပညာ (theology)အစွဲများကို ရှောင်ရှားရပေမည်။ ညီညွတ်အဓိပ္ပာယ်ရှိသည့် သဘာဝတရားနှင့် နာမ်တရားဆိုင်ရာ အတွေ့အကြုံများ အပေါ်တွင် အခြေခံသော ဘာသာရေးအသိစိတ် ဖြစ်ရပေမည်။

ဗုဒ္ဓဝါဒက ဤအဖြစ် ဤအခြေအနေများကို ဖြည့်စွမ်းပေးလေသည်။

သိပ္ပံပညာရှင် အယ်လ်ဘတ် အိုင်းစတိုင်း
**Albert Einstein**

၃၃။ သူ့အသက်သတ်ခြင်း

ရောဂါဖြစ်စေသည့် ပိုးမွှားများကို သတ်ခြင်းသည် မိမိအကျိုးကိုကာကွယ်ခြင်းဖြစ်သဖြင့် ကောင်းသောလုပ်ရပ်ဟု ဆိုနိုင်

သော်လည်း၊ ပိုးမွှားများ၏ အကျိုးကိုမူ ထိခိုက်စေသဖြင့် မကောင်းသောလုပ်ရပ်ဟု ပြောရပါမည်။ ထို့ကြောင့် သူ့အသက်သတ်ခြင်းသည် တစ်ခါတစ်ရံ လိုကောင်းလိုနိုင်သော်လည်း လုံးလုံးလျားလျား ကောင်းသောအလုပ်ကား မဟုတ်ပါ။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

**Ven. S. Dhammika, *Good Question Good Answer***

၃၄။ အမြဲရှင်သန်နေမည့်ဝါဒ

အချိန်ကာလများ ရွှေ့လျားလာသော်လည်း လူတို့၏ အသိဉာဏ်များ တိုးတက်လာသော်လည်း၊ ဗုဒ္ဓ၏ဓမ္မ (တရားတော်များ) သည်ကား အပြောင်းအလဲမရှိ ရှင်သန်ရပ်တည်လျက်ပင် ရှိသည်။

သိပ္ပံပညာသည် လူတို့၏ အသိဉာဏ်နယ်ပယ်ကို မည်မျှပင် တိုးတက်စေကာမူ ၎င်းတိုးတက်မှုသည် ဗုဒ္ဓတရားတော်များ၏ အဝန်းအဝိုင်းအတွင်းတွင်ပင် ရှိနေပေလိမ့်မည်။

ဓမ္မ (တရားတော်များ) ၏ ရှင်သန်ရပ်တည်မှုသည် တရားတော်များကို ထောက်ခံသည့် အယူအဆများ ပေါ်တွင်လည်းကောင်း၊ တရားတော်များကို ဆန့်ကျင်သည့် အယူအဆများ ပေါ်တွင်လည်းကောင်း တည်မှီနေခြင်းမရှိပါ။

ဖရန်စစ် စတော်ရီ

**Francis Story, *Buddhism As World Religion***

၃၅။ ပီတိ

ဗုဒ္ဓဝါဒသည် စိတ်ညစ်နွမ်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ နောင်တရခြင်းနှင့် စိတ်ဓာတ်ညှိုးငယ်ခြင်းတို့ကို ဆန့်ကျင်သည်။ ယင်းစိတ်အခြေအနေတို့သည် အမှန်သိမှုကို အဟန့်အတား အနှောင့်အယှက်ဖြစ်စေသည်ဟု မှတ်ယူသည်။

ပီတိသည် မဂ်ဉာဏ်ကိုဖြစ်စေသော အကြောင်းတရား ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။

နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း ကျင့်ကြံပွားများ အားထုတ်ရာ၌ ပီတိသည် လိုအပ်သော အရည်အချင်းတစ်ရပ် ဖြစ်ပေသည်။

သီဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင် ဒေါက်တာ ဒဗလျူ၊ ရာဟုလာ
**Ven. Dr.W. Rahula, *What the Buddha Taught***

၃၆။ စိန်ခေါ်ခြင်း

ဗုဒ္ဓဝါဒသည် သမိုင်းဦးအနုမာနအယူအဆစနစ် (Hypothetical Primitive System) မဟုတ်ဘဲ၊ မှတ်တမ်း အသေအချာရှိခဲ့သည့်ဝါဒဖြစ်ကြောင်း တွေ့ရှိရသည်။ ယနေ့ထက်တိုင် အောင်ပင် ဗုဒ္ဓဝါဒသည် အခြားဘာသာများအား စိန်ခေါ်နေသယောင်ရှိလေသည်။

ဂိုဏ်းအုပ် ဂို
**Bishop Gore, *Buddha And the Christ***

၃၇။ ယူဆချက်ဟူ၍မရှိ

ဉာဏ်ပညာပွင့်လင်းမှု (intellectual enlightenment) သည်သာ ဘဝလွတ်မြောက်ရေး (salvation)၏ အခြေခံ လိုအပ်ချက်ဖြစ်ကြောင်း ဖွင့်ဟထားခြင်းသည်ပင်လျှင်. ဗုဒ္ဓဝါဒ၏ ဂုဏ်ကျက်သရေ ဖြစ်တော့သည်။

ဗုဒ္ဓဝါဒတွင် အကျင့်သီလနှင့် ဉာဏ်ပညာပွင့်လင်းမှုတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြားမရပေ။ အကျင့်သီလသည် ဘဝမြင့်မားရေး၏ အခြေခံဖြစ်ပြီး၊ အသိတရားနှင့် ဉာဏ်ပညာရှိမှုဖြင့် ဘဝကို ပြီးပြည့်စုံစေ၏။

အကြောင်းအကျိုးတရားနှင့် ပြောင်းလဲဖြစ်တည်မှုဘဝ (ဇာတိ)အကြောင်း (law of causality and transformation)ကို သေချာကျနစွာ နားလည်ခြင်းလည်းမရှိ၊ ထိုးထွင်းသိမြင်မှုနှင့် အသိတရားလည်း မရှိပါမူ ထိုသူအား အမှန်တကယ်ကိုယ်ကျင့်တရားရှိသူဟု ခေါ်ဆိုနိုင်မည် မဟုတ်ချေ။

ဘုရားသခင်တစ်ဆူတည်းသာ ရှိသည်ဆိုသော ဘာသာတရားများသည် မိမိတို့၏ အယူဝါဒများကို တစ်စုံတစ်ခုသော ယူဆချက်များဖြင့် စတင်ကြရသည် (monotheistic religions start with certain assumptions)။ လူတို့၏ အတွေ့အကြုံ အသိတရားတိုးတက်လာမှုကြောင့် ယင်းယူဆချက်များနှင့် ဝိရောဓိဖြစ်လာသောအခါ ဝမ်းနည်းကြေကွဲမှုများ ပို၍ဖြစ်ပေါ်လာရသည်။

ဤနေရာတွင် ဗုဒ္ဓဝါဒသည် အခြားဘာသာတရားများနှင့် ကွဲပြားခြားနားပေသည်။ အကြောင်းမူ ဗုဒ္ဓဝါဒသည် ယူဆချက်များဖြင့် စတင်ခြင်းမပြုဘဲ အမှန်တရားများအပေါ်တွင် ခိုင်မာ

ဈွာ ရပ်တည်နေခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဝါဒသည် မရေရာ မသေချာမှုများကို ရှောင်ကွင်းရန် မလိုတော့ချေ။

ပါမောက္ခ လပ်က် ရှမီး နာရာစု

**Prof. Lakshmi Narasu, *The Essence of Buddhism***

၃၈။ ဘာသာရေးတော်လှန်မှု

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က အသိပညာနှင့်ကိုးကွယ်မှုဆိုင်ရာတော်လှန်မှု (intellectual and religious revolution)တစ်ရပ်ကို ကြုံတွေ့ခဲ့ရသည်။

ယင်းမှာ ဘုရားတစ်ဆူတည်းသာရှိသည်ဆိုသောဝါဒ (monotheism)ကို လည်းကောင်း၊ တစ်ကိုယ်ကောင်းဆန်သော ယဇ်ဆရာများ (priestly selfishness)ကိုလည်းကောင်း၊ အတု အယောင်ဘာသာရေး (synthetic religion)ကို လည်းကောင်း တွန်းလှန်ဖယ်ရှား၍ သစ္စာလေးပါးတရားကို ညွှန်ပြသည့် ဓမ္မ (တရားတော်များ) ဖြင့် အစားထိုးလိုက်ခြင်းပင်ဖြစ်သည်။

အနာဂါရိက ဓမ္မပါလ

**Anagarika Dharmapala,**

***The World's Debt to Buddha***

၃၉။ ဘဝနေနည်း

ဗုဒ္ဓဝါဒသည် အမြင့်မားဆုံးသော အကျိုးကျေးဇူးကို ဘဝမှ ရရှိခံစားနိုင်ရန်အတွက် မည်သို့နေထိုင်ရမည်ကို ချမှတ်ညွှန်ပြသော ဘဝနေနည်းဖြစ်သည်။

ဗုဒ္ဓဝါဒသည် ပညာ အသိတရားနှင့် ဉာဏ်ရည်ထက်မြက်မှုတို့အပေါ်တွင် အခြေခံသော ဘာသာတရားဖြစ်သည်။ ဗုဒ္ဓ၏ တရားတော်များသည် တရားနာပရိသတ်တို့အား ဘာသာအယူဝါဒ ကူးပြောင်းလာစေရေးထက် ဉာဏ်ပညာ ပွင့်လင်းလာစေရေးအတွက် ဖြစ်သည်။

အနောက်တိုင်းသား စာရေးဆရာတစ်ဦး

**A Western Writer**

၄၀။ လာလှည့်ရှုလှည့်

ဗုဒ္ဓဝါဒသည် ယုံကြည်မှုထက် သိမှုနှင့် ရှုမြင်မှုကိုသာ အဓိကထားသည်။ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှု (တရားတော်) များသည် "ဧဟိပဿိကော လာလှည့်ရှုလှည့်" ဟု ဖိတ်ခေါ်ခြင်းကိုသာ ပြု၍ လာပြီး ယုံကြည်လော့ဟု မဆိုပေ။

သီဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်

အရှင် ဒေါက်တာ ဒဗလျူ၊ ရာဟုလာ

**Ven. Dr.W. Rahula, *What the Buddha Taught***

၄၁။ လူသားထုအတွက်ဘာသာတရား

ဗုဒ္ဓဝါဒသည် 'နေ'နှင့်'လ'ရှိနေသမျှ ဤကမ္ဘာပေါ်၌ 'လူ' ရှိနေသမျှ ကာလပတ်လုံး တည်ရှိသွားမည့် ဘာသာတရားဖြစ်သည်။ အကြောင်းမှု ဗုဒ္ဓဝါဒသည် လူသားထုတစ်ရပ်လုံး ကိုးကွယ်အပ်သော ဘာသာတရားဖြစ်သောကြောင့်တည်း။

သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် ဘန္ဒာရာနိုက်ကေး

**Bandaranaike, *Prime Minister of Sri Lanka***

၄၂။ သေခြင်း

ဗုဒ္ဓဝါဒက လူတစ်ယောက်သည် မိမိအတိတ်ပိုင်း၏ သားသမီးဖြစ်၍ မိမိအနာဂတ်ပိုင်း၏ မိဘများဖြစ်ကြောင်း သင်ပြသည်။ မွေးခြင်းနှင့် သေခြင်းကို "အဆုံးမထင် သံသရာစက်ဝိုင်းကြီး၌ တစ်လှည့်စီဖြစ်နေတတ်သော အဖြစ်အပျက်" အဖြစ် မြင်စေကာ၊ သေခြင်းနှင့်ပတ်သက်သော ကြောက်လန့်ပူဆွေးမှုများကို ပယ်ရှားဖျောက်ဖျက်ပေးသည်။

အရှင်သေဋ္ဌိလ

**Ashin Thittila,**

***Essential Themes of Buddhist Lectures***

၄၃။ မည်သူ့၏ကျေးကျွန်မျှမဟုတ်

ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် မည်သည့်စာအုပ် သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်၏ ကျေးကျွန်မျှမဟုတ်ချေ။ ထို့ပြင် ဗုဒ္ဓ၏ တပည့်သာဝကဖြစ်လာစေကာမူ မိမိ၏ လွတ်လပ်သော တွေးထင်ကြံစည်မှုကို စွန့်လွှတ်ရန်မလိုအပ်ချေ။

လူတိုင်းတွင် ဗုဒ္ဓဖြစ်နိုင်သော စွမ်းရည်များရှိနေသောကြောင့် မိမိ၏ ဉာဏ်ပညာကို တိုးတက်မြင့်မားအောင် ပြုလုပ်ပြီး ကျင့်ကြံပွားများ အားထုတ်ခြင်းဖြင့် မိမိကိုယ်တိုင် ဗုဒ္ဓအဖြစ်ကို ရရှိနိုင်ပေသည်။

အရှင် နာရဒ မဟာထေရ်

**Ven. Narada Maha Thera,** ***What is Buddhism***

၄၄။ စာနာတရားအရှိဆုံးစနစ်

ဘဝကို တည်ဆောက်ရာ၌ အမိန့်အရမဟုတ်ဘဲ ကိုယ်ကျင့်တရားနှင့်အညီ ထူထောင်ရန် ဗုဒ္ဓဝါဒက သွန်သင် ဆုံးမသည်။ ဤသို့ဖြင့် ဗုဒ္ဓဝါဒသည် သည်းခံနိုင်စွမ်းရှိသော ကိုးကွယ်ရာ ဘာသာဖြစ်လာသည်။ ဤလောကကြီးတွင် ဗုဒ္ဓဝါဒသည် စာနာတရားအရှိဆုံးစနစ်ဖြစ်သည်။

အရှင် ဂျိုးဇက်ဖ် ဝိန်
**Rev. Joseph Wain**

၄၅။ တည်မြဲနေမည့်ဗုဒ္ဓဝါဒ

ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူခဲ့ခြင်းမရှိကြောင်း အထင် အရှား ပြသနိုင်သည့်တိုင်အောင် ဗုဒ္ဓဝါဒသည် တည်ရှိမြဲအတိုင်း တည်မြဲနေမည်သာ ဖြစ်သည်။

လန်ဒန် ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ
ခရစ်စ်မတ်စ် ဟမ်ဖရေးစ်
**Christmas Humphreys, *Buddhism***

၄၆။ ပြဿနာများ၏အဖြေ

ဗုဒ္ဓဝါဒအကြောင်း အနည်းငယ် လေ့လာရုံမျှဖြင့် ဗုဒ္ဓ ဘာသာဝင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ကတည်းကပင် စိတ်ပညာနှင့် စပ်လျဉ်းသော ခေတ်သစ်ပြဿနာ ရပ်များကို သိရှိခဲ့ကြောင်း တွေ့ရှိရသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ဤပြဿနာများကို ကာလရှည်ကြာစွာကတည်းကပင် လေ့လာခဲ့ပြီး အဖြေများကိုလည်း တွေ့ရှိခဲ့ကြပြီးဖြစ်သည်။

ဒေါက်တာ ဂရေဟင်မ် ဟောင်း
**Dr. Graham Howe**

၄၇။ ဓမ္မ

ဓမ္မဟူသည် အမှန်တရား။ အမှန်တရားဟူသည် တကယ်ရှိသည်။ လူ၏ စိတ်ထဲ၌ရှိသော နိယာမတရားဖြစ်သည်။ အမှန်တရား၏ ထုံးနည်းများသည်လည်း ဓမ္မပင်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓကဓမ္မအကြောင်း သင်ပြသောအခါ လူသားများအား မြင့်မြတ်အောင် ဖြူစင်အောင် ရက်ရောတတ်အောင် ညွှန်ပြတော်မူသည်။ မိမိကိုယ်မိမိ အမှန်ဆုံးဖြစ်အောင် သင်ပြတော်မူသည်။

အရှင်သေဋ္ဌိလ

**Ashin Thittila,**

***Essential Themes of Buddhist Lectures***

၄၈။ စိတ်လေ့ကျင့်မှု

ယနေ့အချိန်အခါတွင် စိတ်၏အစွမ်းသတ္တိများအကြောင်းကို များစွာ ကြားနေရသည်။ ဗုဒ္ဓဝါဒသည် ကမ္ဘာတွင် ရှိသမျှ စိတ်လေ့ကျင့်မှုများအနက် အပြည့်စုံဆုံးနှင့် အထိရောက်ဆုံးစနစ်ဖြစ်လေသည်။

ဒတ်လေ ရိုက်တ်

**Dudley Wright**

၄၉။ ဦးဆုံးသာသနာပြုခြင်း

ဗုဒ္ဓဝါဒသည် လူသားအားလုံးအား ကယ်တင်ရေးမျှော်မှန်းချက်ဖြင့် လူ့သမိုင်းတွင် ဦးဆုံးပေါ်ပေါက်ခဲ့သော သာသနာပြုဘာသာတရား ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီး နောက် လူတို့၏ကောင်းကျိုးနှင့် ပျော်ရွှင်ချမ်းမြေ့ရေးအတွက် တရားဓမ္မများဟောကြားရန် ရဟန်းတော် ခြောက်ဆယ့်တစ်ပါး တို့ကို နေရာအနှံ့ ဒေသခွဲပြီး စေလွှတ်တော်မူခဲ့သည်။

ဒေါက်တာ ကေ၊အင်န်၊ ဂျာယာတီလေကီ

**Dr.K.N. Jayatilleke, *Buddhism and Peace***

၅၀။ အဓမ္မမတိုက်တွန်း

ဗုဒ္ဓဝါဒသည် ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းလဲခံယူရန် ဆန္ဒမရှိသော ပရိသတ်များအား တိုက်တွန်းခြင်း၊ အဓမ္မပြုခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ မြူဆွယ်ခြင်း တို့ကို ပြုလုပ်ခြင်းမရှိပါ။

လူအများ ဗုဒ္ဓအယူဝါဒသို့ ပြောင်းလဲလာစေရန်အတွက် ဗုဒ္ဓသာသနာပြုအဖွဲ့များသည် အခြားဘာသာများနှင့် ယှဉ်ပြိုင်၍ သာသနာပြုခြင်းလည်း မရှိပါ။

ဒေါက်တာ ဂျီ၊ ပီ၊ မာလာလစေကာရာ

**Dr.G.P.Malalasekara**

၅၁။ အဆုံးစွန်အမှန်တရား

ဗုဒ္ဓ၏ဝါဒသည် ရှေ့နောက်ညီညွတ်သောဒဿန (consistent philosophy)မှ ရရှိအပ်သော ဘဝဖြစ်တည်မှုနှင့် အမှန်တရားတို့၏ အဆုံးစွန်အချက်များ (ultimate facts of existence and reality)ကို ထုတ်ဖော်ရှင်းလင်းပြထားသည့် တစ်ခုတည်းသော ဘာသာတရားဖြစ်သည်။

ဗုဒ္ဓ၏ဘာသာတရားသည် ဘဝ၏ အမှန်တရားများကို ရှုကြည့်ဆင်ခြင်ပြီး အမှန်တကယ်တွေ့ရှိရသော အချက် အလက်များမှပေါက်ဖွားလာသည့် ဘဝနေထိုင်မှုပုံစံ( way of life)ဖြစ်သည်။

ဗုဒ္ဓ၏ ဒဿနသည် သဘာဝတရားနှင့် ကင်းလွတ်ပြီး ရရှိသော အတွေ့အကြုံ အသိတရားများ မဟုတ်ပါချေ။

ဒေါက်တာ ကေ၊အင်န်၊ ဂျာယာတီလေကီ

**Dr.K.N. Jayatilleke, *Buddhism and Peace***

၅၂။ အယူသီးခြင်းကင်းသောဝါဒ

ဗုဒ္ဓဝါဒကို အယူသီးခြင်းကင်းသောဝါဒ (fanaticism) ဖြစ်သည်ဟု အာမခံနိုင်သည်။

ဗုဒ္ဓဝါဒသည် လူသားတိုင်းအား မိမိကိုယ်မိမိ အောင်နိုင်မှုကို ရရှိစေ၍၊ မိမိတို့၏ အတွင်းစိတ်ကို ပြုပြင်ပြောင်းလဲစေနိုင် သည်။ အင်အား သို့မဟုတ် ဆွဲဆောင်မှုကို ဖြစ်စေနိုင်သည်။

ဗုဒ္ဓမြတ်စွာသည် လွတ်မြောက်ရာလမ်းကိုသာ ညွှန်ပြတော်မူသည်။ ယင်းလမ်းကို လျှောက်လှမ်းရန်အတွက်မူ ကိုယ်တိုင်ဆုံးဖြတ်ပြီး ကိုယ်တိုင်လျှောက်လှမ်းရမည်သာဖြစ်ပေသည်။

ပါမောက္ခ လပ်ကရှမီး နာရာစု

**Prof. Lakśhmi Narasu, *The Essence of Buddhism***

၅၃။ လက်ဖဝါး

ဗုဒ္ဓဝါဒသည် လက်ဖဝါးဖြစ်၍ အခြားသောအယူဝါဒများသည် လက်ချောင်းများ ဖြစ်ကြလေသည်။

ကြီးမြတ်သော ခန်းမော်ဂ်က

**The Great Khan Mongka**

၅၄။ စိတ်ချမ်းမြေ့မှု

အချို့သောသူများက ဗုဒ္ဓဝါဒကို တွေဝေထိုင်းမှိုင်းစေသော ဘာသာတရားဟု ထင်မှတ်ကြသည်။ အမှန်စင်စစ်တွင် ဤသို့မဟုတ်ပါချေ။ ဗုဒ္ဓဝါဒသည် ဗုဒ္ဓ၏တပည့်သာဝကများကို ဉာဏ်အလင်းရစေပြီး ပျော်ရွှင်ချမ်းမြေ့စေသည်သာ ဖြစ်သည်။

ဗုဒ္ဓအလောင်းတော် ဗောဓိသတ်အကြောင်းကို ဖတ်ရှုလေ့လာကြည့်သောအခါ ပါရမီဆယ်ပါးကို မည်သို့ ဖြည့်ဆည်းခဲ့ရကြောင်း သိရှိရပေသည်။

ဤအကြောင်းအရာများကို သိနားလည်ထားခြင်းဖြင့် ဒုက္ခကြီးစွာကျရောက်နေသည့်အခါ၌လည်းကောင်း၊ တစ်ပါးသောသူတို့၏ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်နေသည့်အခါ၌လည်းကောင်း စိတ်ချမ်းမြေ့မှု ရရှိနိုင်ရန်အတွက် အထောက်အကူဖြစ်စေလေသည်။

အရှင် ဂဏ္ဍာတိလောက

**Ven. Gnanatiloka,** ***A German Buddhist Scholar***

၅၅။ လူမှုဘဝသာယာရေး

ဗုဒ္ဓဝါဒသည် မြင့်မြတ်သည့် အကျင့်သီလနှင့် ဒဿနိကတွေးခေါ်မှု (philosophical thought)များကိုသာ စိတ်ဝင်စားပြီး လူတို့၏ လူမှုရေးနှင့် စီးပွားရေးကို လျစ်လျူရှုသည်ဟု ထင်မြင်ယူဆခြင်းသည် မှားယွင်းပေသည်။ ဗုဒ္ဓသည် လူတို့၏ ပျော်ရွှင်ချမ်းမြေ့မှုကို လိုလားတော်မူသည်။ လူတို့သည် အကျင့် သီလနှင့်ပြည့်စုံလျက် စင်ကြယ်စွာနေထိုင်မှသာလျှင် ပျော်ရွှင်ချမ်းမြေ့မှုကို

ရရှိနိုင်မည်ဟု ဗုဒ္ဓကခံယူ၏။ သို့သော် ရုပ်ဝတ္ထုနှင့် လူမှုရေး အခြေအနေများ ကောင်းမွန်ပြေလည်ခြင်းမရှိပါက ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်နိုင်ရန် ခက်ခဲလိမ့်မည်ဆိုသည့် အချက်ကိုလည်း ဗုဒ္ဓက သိတော်မူ၏။

ဗုဒ္ဓဝါဒအရ ရုပ်ဝတ္ထုပစ္စည်းပြည့်စုံရေးသည် အဓိက မဟုတ်ပေ။ လမ်းဆုံးပန်းတိုင်မဟုတ်ပေ။ မြင့်မြတ်သောဘဝ တည်ဆောက်နိုင်ရေးအတွက် အကြောင်းအထောက်အပံ့တစ်ခုသာ ဖြစ်ပေသည်။ အကြောင်းမူ လူတို့အား ပျော်ရွှင်ချမ်းမြေ့မှုကို ဖြစ်စေမည့် မြင့်မြတ်သောဘဝ တည်ဆောက်နိုင်ရန်အတွက် ရုပ်ဝတ္ထုပစ္စည်း အထောက်အပံ့သည် လိုအပ်သောကြောင့်ဖြစ်သည်။

သို့ဖြစ်သောကြောင့် စိတ်ပိုင်းဆိုင်ရာအောင်မြင်မှုအတွက် ရုပ်ပိုင်းဆိုင်ရာအနေဖြင့် အနိမ့်ဆုံးလိုအပ်ချက်နှင့် ပြည့်စုံရမည်ဟု ဗုဒ္ဓဝါဒက အသိအမှတ်ပြု၏။ တစ်ပါးတည်း တရားဘာဝနာ ပွားများအားထုတ်နေသော ရဟန်းအတွက်ပင် အနည်းဆုံးရှိအပ်သည့် ပစ္စည်းများကို ဗုဒ္ဓဝါဒတွင် သတ်မှတ်ထားရှိပေသည်။

သီဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင် ဒေါက်တာ ဒဗလျူ၊ ရာဟုလာ
**Ven.Dr.W. Rahula, *What the Buddha Taught***

## ၅၆။ အသောကဘုရင်

"အသောကဘုရင်သည် မြင့်မြတ်သောအကျင့်သီလရှိမှုရေး အတွက် ပြောကြားဆုံးမခဲ့သည်သာမက၊ အခြားအယူဝါဒကို ခံယူကြသော ယနေ့ခေတ် အာဏာပိုင်များ ရှက်ဖွယ်ကောင်းလောက်

အောင်ပင်၊ မိမိကိုယ်တိုင်လည်း အကျင့်သီလနှင့်အညီ ဘုရင့်အာဏာကို ကျင့်သုံးခဲ့ကြောင်း” ဗုဒ္ဓဝါဒကို လေ့လာသူတိုင်း ဖတ်ရှုကြရပေလိမ့်မည်။

ဂျက်ဖရီ မော်တိုင်မား

**Geoffrey Mortimer, *A Writer In The West***

၅၇။ ခိုင်မာသောမှုများ

ဗုဒ္ဓဝါဒသည် ဟောင်းနွမ်းဆွေးမြေ့သွားလေပြီဟု ယနေ့တိုင် သတ်မှတ်ရန် မဖြစ်နိုင်သေးချေ။ အကြောင်းမူ မည်သည့်အခါမျှ ပြုပြင်ပြောင်းလဲ၍မရသော ခိုင်မာသည့်မှုများအပေါ်တွင် ဗုဒ္ဓဝါဒသည် အခြေခံထားသောကြောင့် ဖြစ်သည်။

ဂျာထရုဒ် ဂါရတ်သ်

**Gertrude Garatt**

၅၈။ ဓမ္မသည်နိယာမ

ဗုဒ္ဓမြတ်စွာ၏ သွန်သင်ဆုံးမမှုအားလုံးကို ‘ဓမ္မ’ ဟု စကားတစ်လုံးတည်းဖြင့် ခေါ်ဆိုနိုင်သည်။ အမှန်တရားတည်းဟူသော ဤနိယာမသည် လူတစ်ဦး၏နှလုံးသားထဲ၌သာ တည်ရှိသည်မဟုတ်။ စကြဝဠာတစ်တိုက်လုံး၌ပါ တည်ရှိလေသည်။ စကြဝဠာတစ်တိုက်လုံးသည် ဓမ္မနှင့် ဖွဲ့စည်းထားရှိသည်။ သို့မဟုတ် စကြဝဠာကို ဓမ္မက ဖော်ထုတ်ပြသွန်ထားသည်။ ခေတ်သစ်သိပ္ပံပညာအရ ဖော်ထုတ်တွေ့ရှိသော သဘာဝနိယာမများသည် ဓမ္မ၏ ပြဆိုချက်များအတိုင်း ဖြစ်လေသည်။

'လ' သည် ထွက်ပြီး ပြန်ဝင်သည်ဆိုလျှင် ဓမ္မကြောင့် ဖြစ်သည်။ ဓမ္မသည် စကြဝဠာတစ်တိုက်လုံးရှိ သဘာဝတရားနှင့် သဘာဝတရားအရလှုပ်ရှားနေသော နိယာမတရားဖြစ်သည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရက္ခဗေဒနှင့် နက္ခတ္တဗေဒ အတတ်ပညာများအရ လေ့လာတွေ့ရှိကြရသော သဘောအတိုင်း သဘာဝတရားသည် ဓမ္မနှင့်အညီ လှုပ်ရှားနေခြင်းပင်ဖြစ်သည်။

ဓမ္မသည် စကြဝဠာတစ်တိုက်လုံး၌ တည်ရှိသကဲ့သို့ လူ၏ နှလုံးသားထဲ၌လည်း တည်ရှိသည်။ အကယ်၍ လူတစ်ယောက်သည် ဓမ္မနှင့်အညီ နေထိုင်သွားမည်ဆိုပါက ၄င်းသည် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ပြီး နိဗ္ဗာန်သို့ ဆိုက်ရောက်ပေလိမ့်မည်။

အရှင် အေ၊ မဟိန္ဒ
**Ven. A. Mahinda**

၅၉။ နှိပ်ကွပ်ခြင်း

သမိုင်းတစ်လျှောက်တွင် ပေါ်ထွန်းခဲ့သော မြင့်မြတ်သည့် ကိုးကွယ်ရာဘာသာများအနက် ဗုဒ္ဓဝါဒကိုကျွန်ုပ် ပို၍ကြိုက်နှစ်သက်သည်။ အကြောင်းမူ ဗုဒ္ဓဝါဒတွင် နှိပ်ကွပ်ခြင်းအမှု (persecution) အနည်းဆုံး ပါဝင်သောကြောင့်ဖြစ်သည်။

အင်္ဂလိပ်အတွေးအခေါ်ပညာရှင် ဘတ်ထရင် ရာဆယ်လ်
**Bertrand Russell, *English Philosopher***

၆၀။ ဗုဒ္ဓဝါဒ၏တန်ခိုး

ဗုဒ္ဓဝါဒ ထွန်းကားခဲ့သည်မှာ ကာလအားဖြင့် ရှည်ကြာခဲ့ပြီဖြစ်၍ လူတို့အား ဆွဲဆောင်မှုပြုနိုင်မည်ဖြစ်သော်လည်း၊ ဗုဒ္ဓ

ဝါဒသည် လူတို့၏ နေ့စဉ်ဘဝကို အကျိုးပြုကြောင်း အကဲဖြတ်နိုင် မှသာလျှင် ဗုဒ္ဓဝါဒ၏ တကယ့်တန်ဖိုးကို သဘောပေါက်နိုင်ပေ လိမ့်မည်။

ဒေါက်တာ အက်ဒွတ် ကွန်ဇေ

**Dr.Edward Conze, *A Western Buddhist Scholar***

၆၁။ ပညာ

ပညာသည် မြင့်မြတ်သောလမ်း၏ သော့ချက်ဖြစ်၍ ဘဝ တွင် ရယူရန် အထိုက်တန်ဆုံးအရာလည်းဖြစ်သည်။ ပညာသည် ဘဝကို တည်ငြိမ်အေးချမ်းစေနိုင်၍ လောက၏ လေပြင်းမုန်တိုင်း များကို ဥပေက္ခာပြုနိုင်စွမ်းရှိစေသည်။

ပါမောက္ခ ကာလ် ပီယာဆင်

**Prof. Karl Pearson**

၆၂။ မှသားဆိုခြင်း

လူမှုဆက်ဆံရေး အဝန်းအဝိုင်းတွင်လည်းကောင်း၊ စီးပွား ရေးလုပ်ငန်းအဝန်းအဝိုင်းတွင်လည်းကောင်း မှသားပြောဆိုခြင်း မပြုဘဲ ရပ်တည်ရန် မဖြစ်နိုင်ဟုဆိုပါလျှင် ထိုသို့သော ထိတ်လန့် ချောက်ချားဖွယ်ကောင်း၍ ဖောက်ပြန်သောအဖြစ်ကို ပြောင်းလဲ ပစ်ပယ်ရမည် ဖြစ်သည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

**Ven. S.Dhammika,**

***Good Question Good Answer***

၆၃။ ကံကောင်းသော

ဗုဒ္ဓ၏သာဝကများသည် ကံကောင်းကြပါပေသည်။ အကြောင်းမူ အမှားအယွင်းကင်းသည်ဆိုသော မှားယွင်းသည့် အယူအဆကို ဖွင့်ဟထုတ်ဖော်ထားသော မည်သည့်စာအုပ် (ကျမ်းစာ)ကိုမှ ဗုဒ္ဓ၏ တပည့်သာဝကတို့က လက်ခံခဲ့ခြင်း မရှိသောကြောင့် ဖြစ်သည်။

အရှင် ပါမောက္ခ အာနန္ဒာ ကောသလ္လရဏာ
**Ven. Prof. Ananda Kaushalyayana**

၆၄။ ကယ်တင်ရှင်

ဗုဒ္ဓကို 'ကယ်တင်ရှင်' ဟု ခေါ်ကြရမည်ဆိုပါလျှင် လွတ်မြောက်ရာလမ်းဖြစ်သည့် 'နိဗ္ဗာန်' ကို ရှာဖွေတွေ့ရှိပြီး ယင်းလမ်းကို ညွှန်ပြခဲ့သောကြောင့်သာ ဖြစ်ရပါလိမ့်မည်။ သို့သော် ထိုလမ်းကိုကား မိမိတို့ကိုယ်တိုင်သာ လျှောက်လှမ်းကြရမည်ဖြစ်ပေသည်။

သီဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင် ဒေါက်တာ ဒဗလျူ၊ ရာဟုလာ
**Ven.Dr.W. Rahula, *What the Buddha Taught***

၆၅။ အခမ္မတိုက်ဟွန်းခြင်း

အကြောင်းချင်းရာတစ်ရပ်ကို တစ်စုံတစ်ရာ သိနားလည်ခြင်းမရှိဘဲ ယုံကြည်လက်ခံရန် အခမ္မတိုက်တွန်းခြင်းသည် နိုင်င

ရေးဆောင်ရွက်ခြင်းသာဖြစ်သည်။ ဘာသာရေးဆောင်ရွက်ခြင်း သို့မဟုတ် ဉာဏ်ပညာဖြင့် ဆောင်ရွက်ခြင်း မဟုတ်ချေ။

သိဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင် ဒေါက်တာ ဒဗလျူ၊ ရာဟုလာ
**Ven.Dr.W. Rahula, *What the Buddha Taught***

၆၆။ ဘာသာတရားများကိုလေးစားခြင်း

မိမိကိုးကွယ်သည့် ဘာသာကိုသာ ကြည်ညိုပြီး အခြားဘာသာများအား ရှုတ်ချခြင်းမပြုသင့်ပေ။ အကြောင်းကြောင်းကို ထောက်၍ အခြားဘာသာများကိုလည်း လေးစားကြရာ၏။

အခြားဘာသာများကို လေးစားခြင်းသည် မိမိ၏ဘာသာကို စည်ပင်ပြန့်ပွားအောင်လုပ်ရာရောက်သကဲ့သို့ အခြားဘာသာများကို ကူညီရာလည်း ရောက်ပေသည်။ အကယ်၍ အခြားဘာသာများကို လေးစားခြင်းမရှိပါက မိမိဘာသာကို မှေးမှိန်ပျောက်ကွယ်ရာရောက်စေပြီး အခြားဘာသာများကိုလည်း ထိခိုက်စေပေလိမ့်မည်။

မိမိဘာသာကိုသာကြည်ညိုပြီး အခြားဘာသာများကို ရှုတ်ချခြင်းသည် "မိမိဘာသာကို လေးစားမြှင့်တင်ခြင်းဖြစ်သည်" ဟူသော အတွေးဖြင့် ပြုလုပ်ခြင်းသည် မိမိဘာသာကို ပို၍ ထိခိုက်စေပေလိမ့်မည်။

ထို့ကြောင့် သင့်တင့်ညီညွတ်ခြင်းသည်သာ ကောင်းပေ၏။ အခြားသူတို့ ယုံကြည်ကိုးကွယ်ကြသော ဘာသာတရားများကို နာယူကြပါစေ။ နာကြားလိုသော ဆန္ဒလည်း ရှိကြပါစေ။

အသောကမင်းကြီး
**Emperor Asoka**

၆၇။ အကဲဖြတ်ခြင်း

ကိုးကွယ်ရာဘာသာ သို့မဟုတ် ဘဝနေမှုပုံစံ (way of life)ကို အကဲဖြတ်ရာ၌ ထိုဘာသာ သို့မဟုတ် ထိုဘဝနေမှုပုံစံက မှန်ကန်သည်ဟု ထုတ်ဖော်ကြေညာသော အချက်များအပေါ်၌သာ အခြေမတည်ဘဲ ကိုးကွယ်ဆည်းကပ် လိုက်နာကျင့်သုံးသူတို့၏ လက်တွေ့ဘဝ ပြောင်းလဲဖြစ်တည်မှု တို့ကိုပါ ထည့်သွင်းစဉ်းစား ရသည်။

ဗုဒ္ဓဝါဒကို ဤနည်းဖြင့် အကဲဖြတ်သောအခါ၌ အောင်မြင်မှုများကို တွေ့ရသဖြင့် စစ်မှန်စွာ ဂုဏ်ယူမိသည်။

ဒီ၊ ဝါလီသင်ဟ

**D.Valisinha, *Buddhist Way of Life***

၆၈။ ဖုံးကွယ်နေသောစွမ်းအားများ

ဗုဒ္ဓဘာသာဝင်များ၏ ကမ္မဋ္ဌာန်းဘာဝနာ ပွားများနည်းသည် ဖုံးကွယ်တိမ်မြုပ်နေသောစွမ်းအားများ (latent forces) နှင့် သက်ဆိုင်သည်။ ဤသည်မှာ ခေတ်သစ်စိတ်ပညာရှင်များ ပြုလုပ်သည့် စိတ်ခွဲကုသနည်း (psycho-analysis)၏ ရှေ့ပြေးဖြစ်သည်။

အိန္ဒိယနိုင်ငံသည် သတိကင်းလွတ်ခြင်း (unconsciousness) အကြောင်းကို အနောက်နိုင်ငံ စိတ်ပညာရှင်များထက် စောစီးစွာ တွေ့ရှိဖော်ထုတ်ခဲ့သည်ဟု ဆိုနိုင်ပေသည်။

ပါမောက္ခ ဗွန် ဂလေ့စ်နက်ပ်

**Prof. Von Glasenapp, *A German Scholar***

၆၉။ ကြောင်းကျိုးဆင်ခြင်ခွဲခြမ်းစိတ်ဖြာခြင်း

ဗုဒ္ဓဝါဒသည် ဘဝပြဿနာများနှင့် ယင်းတို့၏အဖြေများကို အကြောင်းနှင့်အကျိုးအပေါ် စနစ်တကျအခြေခံပြီး၊ သတိတရားဖြင့် ရှင်းလင်းစွာခွဲခြမ်းစိတ်ဖြာစစ်ဆေးသော မြင့်မြတ်သည့် တစ်ခုတည်းသော ဘာသာရေးဖြစ်သည်။

မိုနီ ဘက်ဂ်ဂီး

**Moni Bagghee, *Our Buddha***

၇၀။ ပညာ

သူတစ်ပါး၏ ပြောကြားချက်သက်သက်ကို လက်ခံယုံကြည်ခြင်းသည် ပညာမဟုတ်ပေ။ စစ်မှန်သောပညာဆိုသည်မှာ ကိုယ်တိုင် လက်တွေ့ကျင့်သုံး၍ ကိုယ်တိုင်သဘောပေါက်နားလည်ခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

**Ven.S.Dhammika, *Good Question Good Answer***

၇၁။ ဘာသာရေးရန်သူ

ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများတွင် ကျွန်ုပ်တို့က တရားသေဝါဒ (dogma) ဟု ခေါ်ဆိုကြသည့်အရာ အနည်းငယ်မျှသာ ပါဝင်ပေသည်။ သည်းမခံနိုင်ခြင်းသည် ဘာသာရေး၏ အကြီးမားဆုံးရန်သူဖြစ်သည်ဟု ဗုဒ္ဓက မှတ်ယူတော်မူပုံရသည်။

ဒေါက်တာ အက်စ်၊ရာဒါကရစ်ရှ်နန်

**Dr.S.Radha Krishnan, *Gautama the Buddha***

၇၂။ ဂိုဏ်းဂဏစွဲဝါဒ

များသောအားဖြင့် ဘာသာရေးဆရာ (Guru)များသည် ၎င်းတို့၏ တပည့်များကို အခြားဘာသာများနှင့် စပ်ဆိုင်သည့် ကျမ်းစာများ၊ အယူဝါဒများ၊ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာခွင့်မပြုဘဲ တားမြစ်ကြသည်။

ဗုဒ္ဓဝါဒတွင် ဤအဖြစ်မျိုး လွန်စွာနည်းပါးပေသည်။

ပရာ ခန္တီပါလို

**Phra Khantipalo, *Tolerance***

၇၃။ ငါးပါးသီလ

ဤငါးပါးသောသီလတို့မှာ ဗုဒ္ဓဘာသာဝင်များအား မိမိတို့ကိုယ်မိမိတို့ ထိန်းချုပ်ကြရန် ခိုင်မာသောလမ်းညွှန်ချက်ငါးရပ်ဖြစ်ပေသည်။ ပထမသီလသည် မိမိ၌ရှိနေသောဒေါသကို ချုပ်တည်းရန်ဖြစ်သည်။ ဒုတိယသီလမှာ ပစ္စည်းဥစ္စာများအပေါ် လိုချင်တပ်မက်ခြင်းမှလည်းကောင်း၊ တတိယသီလမှာ အသွေးအသား၏ အလိုရမ္မက်တောင့်တခြင်း (ကာမရာဂ) မှလည်းကောင်း၊ စတုတ္ထသီလမှာ မဟုတ်မမှန်လိမ်လည်ပြောဆိုခြင်းမှလည်းကောင်း၊ ပဥ္စမသီလမှာ မူးယစ်ထုံထိုင်းစေတတ်သည်များကို သောက်သုံးခြင်းမှလည်းကောင်း ရှောင်ကြဉ်ရန်တို့ဖြစ်ပေသည်။

အက်ဒ်မနာဒ် ဟိုးမ်စ်

**Edmond Holmes, *The Creed of Buddha***

၇၄။ ကြီးမားသောအောင်မြင်မှုရလိုက်သူ

ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပထမဦးဆုံး ဘာသာပြန်ဆိုသူများအနက်မှ တစ်ဦးမှာ အောင်မြင်ကျော်ကြားသည့် ခရစ်ယာန်ဓမ္မဆရာကြီးတစ်ဦး၏ သားဖြစ်သည်။ ထိုသူ ဤသို့ပြန်ဆိုရခြင်း၏ ရည်ရွယ်ချက်မှာ ခရစ်ယာန်ဘာသာသည် ဗုဒ္ဓဝါဒထက်သာလွန်မြင့်မြတ်ကြောင်း သက်သေထူရန်ဖြစ်သည်။ သို့သော် ရည်ရွယ်ချက်ကို အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။ အကြောင်းမူ ထိုသူ (ဘာသာပြန်ဆိုသူ)သည် ဗုဒ္ဓဘာသာဝင်ဖြစ်သွားခဲ့ခြင်းကြောင့် ဖြစ်သည်။

သူကိုယ်တိုင် ဝမ်းမြောက်စွာ လက်ခံလိုက်သော ဤဘာသာပြန်ဆိုမှုအလုပ်သည် အဖိုးအနဂ္ဃထိုက်သော 'ဓမ္မ' အကြောင်းကို ရေးသားဖြစ်စေပြီး၊ ထောင်ပေါင်းများစွာသော အနောက်တိုင်းသားတို့အား 'ဓမ္မ'အကြောင်းကို သိရှိစေခဲ့သည်။

ဤသို့ပြန်ဆိုခဲ့သူသည်ကား ရိုက်စ် ဒေးဗိဒ်စ် (Rhys Davids)ပင် ဖြစ်တော့သည်။

အရှင် အေ၊မဟိန္ဒ

**Ven. A. Mahinda, *Blue Print of Happiness***

၇၅။ ပါလီမန်စနစ်

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကာလက အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ ကျင့်သုံးခဲ့ကြသည့် 'စုဝေးညှိနှိုင်းမှုပုံစံ' သည် ယနေ့ကာလ ပါလီမန်စနစ်၏ မူလအခြေခံဖြစ်နေကြောင်း တွေ့ရှိရသည်ဟုဆိုပါလျှင် များစွာသောသူတို့အား အံ့အားသင့်စေပေလိမ့်မည်။

ဇက်သ်လင်း၏မြို့စား

**Marquess of Zetland, *Legacy of India***

၇၆။ မှန်သောစကား

မှန်သောစကား မှန်သောအားပေးမှုတို့ဖြင့် အမှန်ကို ပိုမို သိနားလည်လာနိုင်သည့် လူများစွာရှိပေသည်။ ထိုသို့သော အကြောင်းကြောင့်ပင် ဗုဒ္ဓ၏ ထိုးထွင်းသိမြင်မှုများကို အခြားသူတို့အား မျှဝေပေးနိုင်ရန်အတွက် ဗုဒ္ဓဘာသာဝင်တို့သည် သိမ်မွေ့ ဆိတ်ငြိမ်စွာ အားထုတ်နေကြခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

**Ven.S.Dhammika, *Good Question Good Answer***

၇၇။ မိတ်ဆွေ

ဗုဒ္ဓ (ဓမ္မ)သည် လူသားအားလုံး၏ မိတ်ဆွေဖြစ်သည်။ မည်သူ၏ ရန်သူမျှမဟုတ်ချေ။ ရန်ပြုလာသော်မှ တစ်ဖက်သတ် သာဖြစ်၍ ဗုဒ္ဓ ဓမ္မ က ရန်တုံ့ပြန်လိမ့်မည် မဟုတ်ပါ။

ဂျေ၊ အီး၊ အယ်လင်မ်

**J.E.Ellam, *Buddhist Review***

၇၈။ ကယ်တင်ရှင်

ဗုဒ္ဓဝါဒက ကယ်တင်ရှင် (Sevior)အဖြစ် မျက်ကန်း ယုံကြည်မှုမျိုးကို လုံးဝမတောင်းခံပါဘူး။ ယုံကြည်မှုသက်သက်ကို လက်မခံဘဲ အမှန်တရားကို အခြေခံတဲ့ အသိစိတ်နဲ့ သဒ္ဓါ (ရတနာ သုံးပါးဂုဏ်ကိုယုံကြည်ခြင်း၊ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း) လို့ ပါဠိလို ခေါ်တဲ့ ယုံကြည်မှုမျိုးနဲ့ ယုံကြည်ခြင်းကိုသာ လက်ခံ ပါတယ်။

အရှင်သေဋ္ဌိလ

**Ashin Thittila,**

***Essential Themes of Buddhist Lectures***

၇၉။ အတ္တအမြင်

အတ္တ ငါကောင် ဝိညာဉ်ကောင်ရှိကြောင်းကို ဗုဒ္ဓဝါဒက လက်မခံ ငြင်းပယ်ခြင်းသည် လူတို့၏ တွေးထင်ကြံဆမှု (thought) သမိုင်းတွင် ထူးခြားစွာ ရပ်တည်နေသောအချက် ဖြစ် သည်။ ဗုဒ္ဓ၏ အဆုံးအမအရ အတ္တဟူသော အယူအဆသည် စိတ်ထင်မှုသာ ဖြစ်သည်။ အမှန်တရားနှင့် ဆက်စပ်မှုမရှိသော မှားယွင်းသည့် ယုံကြည်ချက်သာ ဖြစ်သည်။

အတ္တဟူသော မှားယွင်းသည့် ယုံကြည်ချက်ကြောင့် – 'ငါ' နှင့် 'ငါ့ဟာ' ဟူသော တွေးထင်မှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ လိုချင်တပ်မက်မှု၊ စွဲလမ်းမှု၊ မလိုမုန်းထားမှု၊ စိတ်ကောင်းမထားမှု၊ မိမိကိုယ်မိမိ အထင်အမြင်ကြီးမှု (conceit)၊ မာန်မာနတက်မှု၊ ကိုယ်ကျိုးကြည့်မှု (egoism)၊ အခြားသော အညစ်အကြေး မစင်ကြယ်မှုနှင့် ပြဿနာများကို – ဖြစ်ပေါ်စေ၏။

အတ္တအယူအဆသည် လူပုဂ္ဂိုလ်အချင်းချင်း ဆန့်ကျင်မှုဖြစ်ရသည်မှအစ တိုင်းနိုင်ငံအချင်းချင်း စစ်မက်ဖြစ်ပွားရသည် အထိ လောကရှိဒုက္ခအပေါင်းတို့၏ အရင်းခံဖြစ်၏။

လောကရှိ မကောင်းမှု (အကုသိုလ်) မှန်သမျှသည် ဤ မှားယွင်းသော 'အတ္တ'အမြင်ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

သီဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင် ဒေါက်တာ ဒဗလျူ၊ ရာဟုလာ
**Ven. Dr.W.Rahula, *What The Buddha Taught***

၈၀။ နောက်ဘဝ

သေခြင်းနှင့် မွေးခြင်းတို့၏ ခြားနားချက်သည် စိတ်တစ်ခဏ (thought moment)သာ ဖြစ်သည်။ ဘဝတစ်ခု၏

နောက်ဆုံး စိတ်တစ်ခဏ (စုတိစိတ်) သည် နောက်ဘဝ၏ ဦးဆုံး စိတ်တစ်ခဏ (ပဋိသန္ဓေစိတ်)ဖြစ်လာစေရန် အကြောင်းခံဖြစ်သည်။

အမှန်စင်စစ်အားဖြင့် နောက်ဘဝဆိုသည်မှာ ဘဝဖြစ်စဉ် တစ်ခု၏ အဆက်သာဖြစ်သည် (the continuity of the same series)။

ဗုဒ္ဓဘာသာဝင်တို့၏ အမြင်အရ သေသည်၏နောက်၌ ဖြစ်တည်လာရသောဘဝသည် နားမလည်နိုင်သော နက်နဲ ဆန်းကြယ်သည့်အဖြစ် မဟုတ်ပေ။ ထို့ကြောင့် နောက်ဘဝအပေါ် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် စိုးရိမ်ပူပန်ခြင်းမရှိချေ။

သီဟိုဠ်နိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင် ဒေါက်တာ ဒဗလျူ ရာဟုလာ
**Ven. Dr.W. Rahula, *What The Buddha Taught***

●

## ဗုဒ္ဓဝါဒနှင့်ငြိမ်းချမ်းရေး

၈၁။ ဒီမိုကရေစီ

ဗုဒ္ဓဝါဒသည် ဒီမိုကရေစီလှုပ်ရှားမှုဖြစ်ပြီး ဘာသာရေး၌လည်းကောင်း၊ လူ့အဖွဲ့အစည်း၌လည်းကောင်း၊ နိုင်ငံရေး၌ လည်းကောင်း ဒီမိုကရေစီကို ထိန်းသိမ်းကျင့်သုံးခြင်း ဖြစ်သည်။

ဒေါက်တာ အမ်ဗဲဒ်ကာ

**Dr. Ambedkar**

၈၂။ ခိုင်ခံ့သေချာသောအဆုံးအမ

သံသယဒွိဟတွေကြောင့် ရင်မရှင်းသူများ၊ စိတ်တည်ငြိမ်အေးချမ်းနိုင်ရေးအတွက် ခေါင်းဆောင်မှုပေးမည့်သူ ကင်းမဲ့နေသူများအား ဗုဒ္ဓဓမ္မက ခိုင်ခံ့သေချာ သိသာသော အဆုံးအမများ ပေးပါလိမ့်မည်။

ဂျေ၊ အီး၊ အယ်လင်မ်

**J.E.Ellam, *Buddhist Review***

၈၃။ အကျင့်စရဏ

ဗုဒ္ဓသည် ထာဝရတည်မြဲ တန်ဖိုးရှိသော အမှန်တရားများကို ဖော်ထုတ်ခဲ့ပြီး၊ အိန္ဒိယနိုင်ငံအတွက်သာမက လူသားအားလုံးအတွက် ထူးခြားသော အကျင့်စရဏကို လမ်းညွှန်ခဲ့သည်။

ဗုဒ္ဓသည် ကမ္ဘာပေါ်၌ ပေါ်ထွန်းခဲ့သည့် မြင့်မြတ်၍ သီလပါရမီနှင့်ပြည့်စုံသော လူသားများတွင် တစ်ဦးအပါအဝင် ဖြစ်လေသည်။

ဒဿနပညာရှင် အဲလ်ဘတ် စဝဒ်ဇာ

**Albert Schweitzer, *Philosopher***

၈၄။ ကမ္ဘာ့ယဉ်ကျေးမှု

ကမ္ဘာ့ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် စစ်မှန်သော ယဉ်ကျေးမှု ထွန်းကားရေးအတွက်၊ လူ့သမိုင်းတစ်လျှောက်တွင် ဩဇာ အရှိန်အဝါရှိခဲ့ကြသော ပုဂ္ဂိုလ်များထက် ဗုဒ္ဓဝါဒသည် ပို၍အကျိုးပြုခဲ့၏။

စာရေးဆရာ အိပ်ချ်၊ ဂျီ၊ ဝဲလ်စ်

**H.G.Wells, *English Novelist***

၈၅။ ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးကို အမှန်တကယ် ရရှိနိုင်ရန်အတွက် ဗုဒ္ဓ၏ မြင့်မြတ်သောတရားတော်များကို ကမ္ဘာက မည်မျှ လိုက်နာကျင့်သုံးနိုင်ကြပါမည်နည်းဟု မေးရပေလိမ့်မည်။

ဗုဒ္ဓဟောကြားခဲ့သည့် တရားတော်များကိုသာ လိုက်နာ

ကျင့်သုံးကြမည်ဆိုပါက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မလွဲမသွေ ရရှိကြမည်သာ ဖြစ်ပေသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နေရူး

**Nehru,** ***Prime Minister of India***

၈၆။ လိုနေတာ

ကမ္ဘာကြီးကို ဒီနေ့ ခြုံပြီးကြည့်မယ်ဆိုရင် ငွေကြေးနဲ့ ရုပ်ဝတ္ထုပစ္စည်း လုံလောက်စွာရှိရုံမက အတတ်ပညာပိုင်းဘက်က လည်း မချို့တဲ့ပါဘူး။ လိုနေတာက အမိုက်မှောင် (အဝိဇ္ဇာ)ကို တွန်းလှန်အောင်နိုင်စေမယ့် ကောင်းမှု (အလုပ်)နဲ့ မေတ္တာတရား ဆိုတဲ့ (စိတ်) စွမ်းပကားများ အားနည်းနေခြင်းပဲ ဖြစ်ပါတယ်။

အရှင်သေဋ္ဌိလ

**Ashin Thittila,**

***Essential Themes of Buddhist Lectures***

၈၇။ မေတ္တာ၏လက္ခဏာ

"မျှဝေခံစားခြင်း၊ နှစ်သိမ့်မှုပေးခြင်း၊ ကရုဏာထားခြင်း၊ အရေးထားခြင်း၊ စောင့်ရှောက်ခြင်း" တို့သည် ဗုဒ္ဓကိုယ်တော်တိုင် အားထုတ်ပွားများခဲ့သော မေတ္တာ၏ ကြွန်အင်လက္ခဏာများပင် ဖြစ်သည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

**Ven. S.Dhammika,** ***Good Question Good Answer.***

၈၈။ လွတ်မြောက်ရာ

ဗုဒ္ဓက 'ဘဝဟူသည် ဒုက္ခဖြစ်၏ (life is suffering)။ သို့သော် ငါသည် ဤဒုက္ခအပေါင်းမှ လွတ်မြောက်ရာလမ်းကို တွေ့ရှိထား၏။ ယင်းလမ်းကို ငါ ညွှန်ပြအံ့' ဟု မိန့်တော်မူ၏။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဝိသုဒ္ဓါစာရ

**Ven. Visuddhacara, *Loving and Dying***

၈၉။ ပညာသည်ဓား၊ မောဟသည်ရန်သူ

ဗုဒ္ဓဘာသာဝင်တို့၏ သမိုင်းစာမျက်နှာများတွင် ထိတ်လန့်ဖွယ်ကောင်းသည့် ဖိနှိပ်ချုပ်ချယ်မှုများ၊ မိစ္ဆာဒိဋ္ဌိ သို့ မဟုတ် နိမ့်ကျသော အယူဝါဒများ၊ သွေးသံရဲရဲဖြင့် စွန်းထင်းသော ဘာသာရေး အမုန်းပွားမှုများ မပါရှိချေ။

"ပညာသည်ဓား၊ မောဟသည်ရန်သူ" ဟု ဗုဒ္ဓဝါဒက မှတ်ယူသည်။

ပါမောက္ခ ဘာပတ်သ်

**Prof. Bapat, *2500 Years of Buddhism***

၉၀။ အလှဆုံးရတနာ

ဗုဒ္ဓ၏ဟောကြားချက်များတည်းဟူသော သရဖူတွင် မေတ္တာတရားသည် အလှဆုံးရတနာတစ်ပွင့်ဖြစ်သည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

**Ven.S.Dhammika, *Good Question Good Answer***

၉၁။ မေတ္တာတရား

ကမ္ဘာတစ်လွှားမှာ မေတ္တာတရား တိုးတက်ပြန့်ပွားရေး

ဟာ အလိုအပ်ဆုံးအရာပါ။ စစ်ဖြစ်ရတဲ့ အဓိကအကြောင်းရင်းဟာ မေတ္တာတရား ခေါင်းပါးမှုကြောင့်ပါပဲ။ စစ်ရေးပဋိပက္ခတွေအပြင် လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာရေးပဋိပက္ခတွေလည်း ရှိနေကြပါတယ်။ သည်ပဋိပက္ခအားလုံးရဲ့ အဓိက အကြောင်းရင်း ဟာလည်း မေတ္တာတရားခေါင်းပါးမှုကြောင့်ပါပဲ။

အရှင်သေဋ္ဌိလ
**Ashin Thittila,**
***Essential Themes of Buddhist Lecturers***

၉၂။ ဒေါသနှင့်ကရုဏာ

ဗုဒ္ဓမြတ်စွာတွင် ဒေါသဟူ၍ တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ချေ။ ရှင်တော်မြတ်၏ နှုတ်တော်မှ ကရုဏာကင်းမဲ့သော စကားကိုလည်း တစ်ကြိမ်တစ်ခါမျှ မမြွက်ဟခဲ့ချေ။

ဒေါက်တာ အက်စ်၊ရာဒါ ကရစ်ရှ်နန်
**Dr.S.Radha Krishnan**

၉၃။ အောင်မြင်မှု

ရိုးသားဖြောင့်မတ်မှု၊ သနားကြင်နာမှု၊ ကိုယ်ချင်းစာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ သဒ္ဓါတရားရှိမှု၊ စေတနာထားမှု၊ ကျေးဇူး သစ္စာသိမှုနှင့် အခြားသော ကောင်းမြတ်သည့် စိတ်နေစိတ်ထားတို့သည် လူတို့အား စစ်မှန်သော အကာအကွယ်နှင့် စစ်မှန်သော အောင်မြင်မှုကို ရစေနိုင်သည်ဟု ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက
**Ven. S.Dhammika,** ***Good Question Good Answer***

၉၄။ လွတ်မြောက်ရေး

ရှင်တော်ဗုဒ္ဓသည်တင်ပျဉ်ဖွဲ့ခွေထိုင်တော်မူ၍ လက်ျာလက်တော်ကို မြှောက်ကာ (အဘယမုဒြာ)"ခံစားမှုဒုက္ခအပေါင်းကို ကြောက်ရွံ့ပြီး လွတ်မြောက်လိုပါလျှင် ပညာဉာဏ် ပွင့်လင်းရေးနှင့် ကရုဏာတရား ထားရှိရေးကို ကျင့်ပွားပါလေ"ဟု ဆုံးမတော်မူခဲ့လေသည်။

အနာတိုလေ ဖရန့်စ်
**Anatole France**

၉၅။ အနှစ်သာရ

ဗုဒ္ဓဝါဒ၏ အနှစ်သာရကား အသိသက်သက် (ဝိညာဏဝါဒ)မျှဖြင့် လုံလောက်သည် မဟုတ်ပေ။ ယင်းအသိတရားကို မေတ္တာ၊ ကရုဏာ၊ မှန်ကန်ဖြောင့်မတ်ခြင်းများဖြင့် ပေါင်းစပ်၍ နေ့စဉ်တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ လက်တွေ့ကျင့်သုံးရန် ဖြစ်သည်။

အရှင်သေဋ္ဌိလ
**Ashin Thittila,**
***Essential Themes of Buddhist Lectures***

၉၆။ နှိပ်ကွပ်မှုကင်းခြင်း

ဗုဒ္ဓဝါဒ၏ ရာစုနှစ်ပေါင်းများစွာ ရှည်လျားသော သမိုင်းကြောင်းတစ်လျှောက်၌ ဗုဒ္ဓဘာသာဝင်များသည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့ကြ၏။ ဗုဒ္ဓဘာသာဝင်တို့ ပြုလုပ်ခဲ့သည့် နှိပ်ကွပ်မှု (persecution)ဟူ၍ တစ်စုံတစ်ရာမျှ မရှိခဲ့ချေ။

ပါမောက္ခ ရိုက်စ် ဒေးဗိဒ်စ်
**Prof. Rhys Davids**

၉၇။ တိုက်တွန်းမှု

ဗုဒ္ဓသည် လူတို့အား သဒ္ဓါတရားရှိရန်၊ တရားဘာဝနာပွားများအားထုတ်ရန်၊ အကျင့်သီလနှင့် ပြည့်စုံရန် တိုက်တွန်းတော်မူ၏။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဝိသုဒ္ဓါစာရ
**Ven. Visuddhacara, *Loving and Dying***

၉၈။ ဘဝရဲ့အမှန်တရား

ဓမ္မဟာ ဘဝရဲ့ အမှန်တရားကို ထုတ်ဖော်ပြတယ်။ ဒီနေရာ ဒီအချိန်မှာတင်ပဲ အဆုံးစွန်အမှန်တရားကို သိနိုင်တဲ့ အသိတရားကို ဓမ္မက ပေးပြန်တယ်။ ဘဝရဲ့ အမှန်တရားကို သိအောင် လုပ်တဲ့နည်းကတော့ မဂ္ဂင်ရှစ်ပါးလမ်းပဲ ဖြစ်ပါတယ်။

လီယို ဘတ်ကလေ
**Leo Berkeley,**
***The Buddhist Society of New South Wales***

၉၉။ လွတ်မြောက်မှု

ဗုဒ္ဓက ဘုရားသခင်၏ အကူအညီမပါဘဲ မိမိကိုယ်တိုင်ကြိုးစားအားထုတ်ခြင်းဖြင့် ဘဝလွတ်မြောက်မှုကို ဤဘဝ၌ပင် ရရှိနိုင်ကြောင်း ကမ္ဘာ့သမိုင်းတွင် ပထမဦးဆုံး မြွက်ဟခဲ့ပေသည်။

ဗုဒ္ဓက မိမိကိုယ်မိမိ ယုံကြည်ကိုးစားရေး၊ ရိုးသားဖြူစင်ရေး၊ အကျင့်သီလပြည့်စုံရေး၊ ဉာဏ်ပညာပွင့်လင်းရေး၊ ငြိမ်းချမ်းရေးနှင့် အများအားလုံးအပေါ် တူညီစွာ မေတ္တာထားရှိရေးတို့ကို ဟောကြားတော်မူခဲ့သည်။

ပညာကင်းမဲ့လျှင် ထိုးထွင်း၍ သိတတ်သောဉာဏ်ကို မရရှိနိုင်ဟုလည်း ဆုံးမတော်မူခဲ့သည်။

ပါမောက္ခ အဲလီယော့တ်

**Prof. Eliot, *Buddhism and Hinduism***

၁၀၀။ နေပျော်ဖွယ်ဖြစ်သောဘဝ

ဗုဒ္ဓတရားတော်က မိမိကိုယ်မိမိ အားကိုးခြင်းကို လှုံ့ဆော်ပေး၍ လူသားအားလုံးကို မိသားစုသဖွယ် သဘောထားကာ ငြိမ်းချမ်းခြင်းနှင့် စည်းလုံးခြင်းကို သင်ပြပေးသည်။

ဖြောင့်မတ်တည်ကြည်ခြင်း၊ စာနာစိတ်ဖြင့် နားလည်မှုရှိခြင်း၊ မေတ္တာကရုဏာနှင့် သနားကြင်နာခြင်းတို့ကို သိနားလည်၍ လေ့ကျင့်လိုက်နာလျှင် ဘဝသည် နေပျော်ဖွယ်ဖြစ်ကြောင်း ဗုဒ္ဓဝါဒက သက်သေပြနိုင်သည်။

အရှင်သေဋ္ဌိလ

**Ashin Thittila,**

***Essential Themes of Buddhist Lectures***

၁၀၁။ ချမ်းမြေ့မှု

ငွေကြေးဥစ္စာရှာဖွေခြင်း၊ ဓိမ်ခံပစ္စည်းများ ရယူစုဆောင်းခြင်း၊ အာရုံဖြင့် သာယာခြင်း (sensual pleasures)တို့သည် ကျေနပ်မှု၊ ပျော်ရွှင်ချမ်းမြေ့မှု ရရှိရေးအတွက် ပြည့်စုံလုံလောက်သည် မဟုတ်ပါ။ တဒင်္ဂသာယာမှုကိုသာ ပေးစွမ်းနိုင်ပေသည်။

အမုန်စင်စစ်တွင် မေတ္တာ၊ ကရုဏာသည်သာလျှင် ကျေနပ်မှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုကို အမှန်တကယ် ပေးစွမ်းနိုင်ပေသည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဝိသုဒ္ဓါစာရ

**Ven. Visuddhacara, *Loving and Dying***

၁၀၂။ ဗုဒ္ဓနှင့်လွတ်မြောက်ခြင်း

လူသားများအား လွတ်မြောက်စေသူမှာ ဗုဒ္ဓမဟုတ်ချေ။ ဗုဒ္ဓသည် ဘဝလွတ်မြောက်ရေးအတွက် ကိုယ်တော်တိုင် ကြိုးပမ်းခဲ့ရသကဲ့သို့ လူတို့အားလည်း မိမိတို့၏ ဘဝလွတ်မြောက်ရေးအတွက် မိမိတို့ကိုယ်တိုင် အားထုတ်ရန် ဟောကြားခဲ့သည်။

ဗုဒ္ဓ၏ တရားတော်များကို ဗုဒ္ဓဘာသာဝင်တို့ လက်ခံကြခြင်းမှာ တရားတော်များသည် မှန်ကန်သောသစ္စာတရားဖြစ်ခြင်းကြောင့်လည်းကောင်း၊ တရားတော်များကို သဘောပေါက်ယုံကြည်ခြင်းကြောင့်လည်းကောင်း၊ တရားတော်များသည် မိမိတို့၏ စိတ်ပိုင်းဘဝအစွမ်းသတ္တိနှင့် ဉာဏ်ပညာအလင်းရောင်ကို နိုးထစေခြင်းကြောင့်လည်းကောင်း ဖြစ်ပေသည်။

ဒေါက်တာ အော်လ်ဒင်ဘတ်ဂ်

**Dr. Oldenburg, *A German Buddhist Scholar***

၁၀၃။ ဓမ္မ

ဓမ္မဟူသည် အမှန်တရား တစ်နည်းအားဖြင့် မိမိ၏ ကိုယ်စိတ်နှလုံးအတွင်း၌ တည်ရှိသော နိယာမတရားဖြစ်သည်။

ဤနိယာမတရားက မိမိအား ဖြူစင်သန့်ရှင်း အပြစ်ကင်းသော ဘဝ၌နေရန် ညွှန်ပြခြင်းသည် တစ်စုံတစ်ဦးသော နတ်ပြဟ္မာစသည်တို့ ကျေနပ်စေရန် မဟုတ်ဘဲ မိမိအပေါ် မိမိ မှန်ကန်စေရန် အတွက် ညွှန်ပြခြင်းသာဖြစ်သည်။

အရှင်သေဋ္ဌိလ
**Ashin Thittila,**
***Essential Themes of Buddhist Lectures***

၁၀၄။ နိဗ္ဗာန်

လူတစ်ယောက်သည် ဓမ္မနှင့်အညီနေလျှင် ဒုက္ခမှ လွတ်မြောက်၍ နိဗ္ဗာန်ထိ ဆိုက်ရောက်မည်။ နိဗ္ဗာန်ဟူသည်ကား ဒုက္ခ အဝဝမှ အဆုံးသတ်ကင်းလွတ်ခြင်းဖြစ်သည်။ ယင်းဒုက္ခ ကင်းငြိမ်းခြင်းသို့ ပို့ဆောင်မည့် ဓမ္မကား ဆုတောင်း၍မရ၊ ယဇ် ပူဇော်၍မရ၊ နတ်တို့ကို ပသ၍မရပေ။ ကိုယ့်စာရိတ္တကို ကိုယ့် ဘာသာမြှင့်တင်ခြင်း၊ ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်ခြင်း၊ ကိုယ့် နှလုံးကို ကိုယ်ဖြူစင်အောင်လုပ်ခြင်းများဖြင့်သာ ရနိုင်သည်။

ရင်တွင်း၌ ထကြွလှုပ်ရှားနေသော မုန်တိုင်းကို ငြိမ်အောင် မလုပ်နိုင်သမျှ၊ သတ္တဝါအားလုံးအပေါ်တွင် မေတ္တာမထားနိုင်သမျှ လူသည် မိမိပန်းတိုင်ဆီသို့ ခြေလှမ်းတစ်လှမ်းမျှ လှမ်းချီနိုင်မည် မဟုတ်ပေ။

အရှင်သေဋ္ဌိလ
**Ashin Thittila**

●

## ဗုဒ္ဓဝါဒနှင့်သိပ္ပံပညာ

၁၀၅။ ဗုဒ္ဓဝါဒနှင့်ခေတ်သစ်သိပ္ပံပညာ

ဗုဒ္ဓဝါဒနှင့် ခေတ်သစ်သိပ္ပံပညာတို့အကြားတွင် အသိပညာဆိုင်ရာ ဆက်စပ်မှု နီးကပ်စွာရှိလေ၏။

ကဗျာဆရာ ဆာ အက်ဒ်ဝင် အာနော်လ်

**Sir Edwin Arnold, *The Light of Asia***

၁၀၆။ သိပ္ပံပညာကိုရင်ဆိုင်ခြင်း

ခေတ်သစ်သိပ္ပံပညာ၏ လိုအပ်ချက်များကို ရင်ဆိုင်နိုင်သော ကိုးကွယ်ရာဘာသာရှိသည် ဆိုပြားအံ့၊ ယင်းဘာသာသည် ဗုဒ္ဓဝါဒပင်ဖြစ်ပေမည်။

သိပ္ပံပညာရှင် အက်လ်ဘတ် အိုင်းစတိန်း

**Albert Einstein**

၁၀၇။ စိတ်ပိုင်းဆိုင်ရာသိပ္ပံပညာ

ဗုဒ္ဓဝါဒသည် တွေးခေါ်စဉ်းစားသောစနစ်၊ ကိုးကွယ်ရာဘာသာ၊ စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာနှင့် ဘဝနေထိုင်ရေးနည်း (way of life) ဖြစ်ပြီး ကြောင်းကျိုးခိုင်လုံ၏။ လက်တွေ့ကျ၏။ အလုံးစုံပြည့်စုံ၏။

ဗုဒ္ဓဝါဒသည် နှစ်ပေါင်း ၂၅၀၀ မျှ လူသားထု သုံးပုံတစ်ပုံနီးပါး၏ စိတ်ပိုင်းဆိုင်ရာ လိုအပ်မှုများ (spiritual needs)ကို ကျေနပ်မှု ပေးခဲ့၏။ အနောက်တိုင်းကို ဆွဲဆောင်နိုင်စွမ်းရှိ၏။ မိမိကိုယ်မိမိ အားကိုးဖို့ (self-reliance)နှင့် အများတကာ၏ အမြင်ကို သည်းခံ စိတ်ရှည်ဖို့ တိုက်တွန်း၏။

ဗုဒ္ဓဝါဒသည် ဘာသာတရား၊ သိပ္ပံပညာ၊ ဒဿနပညာ၊ စိတ်ပညာ၊ အနုပညာနှင့် လူ့ကျင့်ဝတ်တို့ကို လက်ခံ၏။ ဗုဒ္ဓဝါဒသည် လူသားတို့အား မိမိသည်သာ မိမိဘဝ၏ ဖန်ဆင်းရှင် ဖြစ်ကြောင်း၊ မိမိ၏ ကံတရားကို မိမိသာလျှင် ပုံလောင်းနေကြောင်း ညွှန်ပြ၏။

လန်ဒန် ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ခရစ်မတ်စ် ဟမ်ဖရေးစ်

**Christmas Humphreys**

၁၀၈။ သိပ္ပံပညာ၏လမ်းဆုံး

သိပ္ပံပညာသည် မည်သည့်အာမခံချက်မျှ မပေးနိုင်ပေ။ သို့သော် ဗုဒ္ဓဝါဒသည် အနုမြူစွမ်းအား၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်စွမ်းရှိ၏။ အကြောင်းမူ သိပ္ပံပညာ၏ လမ်းဆုံးနေရာမှ ဗုဒ္ဓဝါဒ၏ လောကုတ္တရာအသိပညာ (Supramundane Knowledge of

Buddhism)သည် စတင်ခဲ့သောကြောင့်ဖြစ်၏။ ဤအချက်သည် ဗုဒ္ဓဝါဒကို လေ့လာသူတိုင်းအား ထင်ရှားစေ၏။

ဗုဒ္ဓဝါဒ၏ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းအားထုတ်ခြင်းဖြင့် အနုမြူများ၏ ဖွဲ့စည်းမှုအရ 'ရုပ်' ပေါ်လာသည်ကို တွေ့ထိ သိကြရ၏။ စိတ်မချမ်းမြေ့စရာများ၊ မကျေနပ်စရာများ၊ ဒုက္ခဖြစ်ပေါ်မှုနှင့် ချုပ်ပျောက်မှု ( arising and passing away)တို့သည် အကြောင်းတရားအပေါ်တွင် မူတည်၍ ပေါ်ပေါက်လာပြီး အတ္တအဖြစ် စွဲထင်နေကြောင်းကို သိလာရ၏။ ယင်းသို့ အတ္တအဖြစ် စွဲထင်နေခြင်းကို ဗုဒ္ဓ၏ အဆုံးအမအရ 'ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ၌ အယူမှားခြင်း သက္ကာယဒိဋ္ဌိ' ဟု ခေါ်ဆိုပေသည်။

အီဂါတင် စီ၊ ဘက်ဘ်တစ်စ်

**Egerton C. Baptist,**

***Supreme Science of The Buddha***

၁၀၉။ အမှန်တရား၏ နိယာမ

အမှန်တရား၏ နိယာမဖြစ်သော ဓမ္မသည် လူသား၏ နှလုံးသားအတွင်း၌သာ ရှိသည်မဟုတ်။ စကြဝဠာကမ္ဘာလောက၌လည်းရှိသည်။

စကြဝဠာကမ္ဘာအနန္တသည် ဓမ္မကို အကောင်အထည်ဖော်ခြင်း၊ သရုပ်ဆောင်ခြင်းဖြစ်သည်။ လထွက်သည်၊ လဝင်သည်။ မိုးရွာသည်၊ ကောက်ပဲသီးနှံများ သီးကြသည်။ ရာသီဥတုပြောင်းလဲသည်။ ယင်းတို့ကား ဓမ္မကြောင့်ဖြစ်နေကြသည်။ အကြောင်းမူကား ဓမ္မဟူသည် စကြဝဠာကမ္ဘာ၏ နိယာမတရားပင်ဖြစ်၍ ယင်း

နိယာမတရားသည် ကျွန်ုပ်တို့ သဘာဝသိပ္ပံ လေ့လာသင်ကြားရာ၌ ဖော်ပြထားသော နည်းလမ်းအတိုင်း ဒြပ်ဝတ္ထုများကို အလုပ်လုပ်စေသောကြောင့်ဖြစ်သည်။

အရှင်သေဋ္ဌိလ
**Ashin Thittila,**
***Essential Themes of Buddhist Lectures***

၁၁၀။ ကြောင်းကျိုးတရား

"လောကကြီးက ဘဝကို ပြဋ္ဌာန်းခြင်း၊ ချီးမြှောက်ခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းမဟုတ်ပါ။ မိမိ၏ကမ္မ (မိမိပြုလုပ်သောကာယကံ၊ ဝစီကံနှင့် မနောကံတည်းဟူသော ကံအလုပ်သုံးပါး)ကသာလျှင် ဘဝကို အကြောင်းအကျိုးပြုသွားခြင်း ဖြစ်သည်" ဟု ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူခဲ့သည်။

စာရေးဆရာတစ်ဦး
**A Writer**

●

## ဗုဒ္ဓဝါဒနှင့်အခြားကိုးကွယ်ရာဘာသာများ

၁၁၁။ ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဝါဒ

ဗုဒ္ဓဘာသာထွန်းကားပြီးနောက်ပိုင်းကာလတွင် ဗုဒ္ဓဝါဒသည် ပုံစံအမျိုးမျိုးဖြင့် ဟိန္ဒူလူမျိုးများ၏ ဒဿနကို ဩဇာသက်ရောက်ခဲ့သည်၊ ပြုပြင်ခဲ့သည်၊ ပြောင်းလဲစေခဲ့သည်၊ ပြန်လည်ရှင်သန်စေခဲ့သည် ဆိုသည်ကို ဝန်ခံကြရမည်ဖြစ်၏။

အိန္ဒိယလူမျိုးတို့၏ ကာမသဘောတရား နောက်ဘဝအယူအဆနှင့် ဗုဒ္ဓဘာသာမပေါ်ပေါက်မီက ရှိခဲ့သော ဗုဒ္ဓဘာသာနှင့် ဆက်နွှယ်သောစနစ် (Doctrine of Karma and Rebirth and Other Pre-Buddhistic System)တို့သည် ဗုဒ္ဓဘာသာထွန်းကားပြီးနောက်ပိုင်းကာလတွင်မှ ဗုဒ္ဓဘာသာ ကျမ်းဂန်များကြောင့် ဒဿနိကဗေဒနည်းကျကျ အပြည့်အဝ တိုးတက်လာခြင်းဖြစ်ပေသည်။

ဒေါက်တာ အက်စ်၊ အင်န်၊ ဒတ်စ်ဂုပ်တား

**Dr.S.N. Dasgupta**

၁၁၂။ ကျင့်ဝတ်နှင့်ဘာသာတရား

ဗုဒ္ဓဘာသာမထွန်းကားမီက အိန္ဒိယနိုင်ငံ၌ရှိခဲ့သော ဘာသာများကို၊ လူသားအားလုံးနှင့်သက်ဆိုင်ပြီး လူသားအားလုံး မလွဲမသေ လိုက်နာကျင့်ကြံအပ်သော ကျင့်ဝတ်နှင့် ကိုးကွယ်ရာ ဘာသာများအဖြစ် မသတ်မှတ်နိုင်ခဲ့ပေ။

ဒေါက်တာ အက်စ်၊ အင်န်၊ ဒတ်စ်ဂုပ်တား

**Dr.S.N. Dasgupta**

၁၁၃။ ကျေနပ်နေသူ

အခြားဘာသာ အယူဝါဒ ယုံကြည်ချက် အမြင်များဖြင့် ကျေနပ်နေသူများအား ဗုဒ္ဓတရားတော်က မေတ္တာ၊ ကရုဏာ၊ မုဒိတာပြည့်ဝစွာဖြင့် သာယာကြည်ဖြူပါလိမ့်မည်။

ဂျေ၊ အီး၊ အယ်လင်မ်

**J.E.Ellam,** ***Buddhist Review***

၁၁၄။ နည်းလမ်းညွှန်ပြသောဆရာ

ဗုဒ္ဓကို ကယ်တင်ရှင်အဖြစ် ပြောဆိုကြလျှင် မမှန်၊ နည်းလမ်းညွှန်ပြသောဆရာအဖြစ် မြင်မှ မှန်ကန်ပေမည်။

ဗုဒ္ဓဘာသာဝင်များက ဂျီးဇက်ခရိုက်နှင့် အခြားဘာသာ ရေးခေါင်းဆောင်များကို အလားတူပင် ဆရာတစ်ဆူဟူသော အသိဖြင့် အရိုအသေပေးကြခြင်းဖြစ်သည်။

အရှင်သေဋ္ဌိလ

**Ashin Thittila,**

***Essential Themes of Buddhist Lectures***

၁၁၅။ ကျေးဇူးတရား

ဗုဒ္ဓ၏ အဆုံးအမများသည် ဟိန္ဒူဝါဒတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင် အကျုံးဝင်နေသည်ဟု ကျွန်ုပ်ဆင်ခြင်ယူဆမိသည်။ အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဝါဒအပေါ် ဂေါတမဗုဒ္ဓက မည်ကဲ့သို့ ကြီးမားစွာ ပြောင်းလဲစေခဲ့သည်ကို မည်သို့မျှ ပြန်လည်စူးစမ်းရှာဖွေရန် မဖြစ်နိုင်တော့ချေ။

ဗုဒ္ဓ၏ စွန့်လွှတ်မှု အနစ်နာခံမှုနှင့် ပကတိ သန့်စင်သည့် ဘဝတို့သည် ဟိန္ဒူဝါဒတွင် မေ့ပျောက်၍ မရနိုင်အောင် စွဲထင်ကျန်ရှိနေမည်သာဖြစ်သည်။

ဤသို့ဖြင့် ဟိန္ဒူဝါဒသည် ဆရာတစ်ဆူဖြစ်တော်မူသော ဗုဒ္ဓအပေါ် အဆုံးအစမရှိသည့် ကျေးဇူးတရားများ တင်ရှိနေပေတော့၏။

အိန္ဒိယနိုင်ငံအမျိုးသားခေါင်းဆောင် မဟတ္တမဂန္ဒီ
**Mahatma Gandhi**, ***Maha Bodhi***

၁၁၆။ ဗုဒ္ဓဝါဒ

ဗုဒ္ဓဝါဒသည် "ဘုရား (God)မရှိသော၊ လူ၏အတ္တ(soul)ကို ငြင်းဆိုသော၊ ထာဝရတည်မြဲသည်ဆိုသည့် ယုံကြည်မှုကို မှားယွင်းသည်ဟု ခံယူသော၊ ကိုးကွယ်ဝတ်ပြုမှု (prayer)နှင့် ယဇ်ပူဇော်မှု (sacrifice)သည် အစွမ်းသတ္တိရှိသည်ဟူသော အယူအဆကို ငြင်းပယ်သော၊ ဘဝလွတ်မြောက်မှုအပေါ်က မည်သူတစ်ဦးတစ်ယောက်ကိုမျှ အားကိုးရန်မလိုဘဲ မိမိကိုယ်တိုင် ကြိုးပမ်းရမည်ဟု ယုံကြည်သော၊ မိမိတို့ကိုယ်စီ သန့်စင်ကြပါက မည်သူ့အားမျှကတိသစ္စာ ခံယူရန်မလိုဟု ယုံကြည်သော၊ ကယ်တင်ရှင်၏ အကူ

အညီကို ဖွေရှာရန် မလိုဟု ယုံကြည်သော”အယူဝါဒဖြစ်ပါလျက် ကမ္ဘာတစ်လွှားသို့ အံ့ဩလောက်ဖွယ် လျင်မြန်စွာ ပျံ့နှံ့ခဲ့သည်။ ယခုတိုင်အောင်လည်း ပျံ့နှံ့နေဆဲဖြစ်ပေသည်။

ဗြိတိသျှနိုင်ငံသားသိပ္ပံပညာရှင် တီ၊ အိပ်ချ်၊ ဟတ်စ်လေ

**T.H. Huxley, *British Scientist***

၁၁၇။ အပြစ်

ဗုဒ္ဓဘာသာဝင်အနေဖြင့် အပြစ်(sin)အပေါ် ယူဆပုံမှာ ခရစ်ယာန်ဘာသာဝင်နှင့် ခြားနားသည်။ ဗုဒ္ဓဘာသာဝင်အဖို့ အပြစ်ဟူသည် အသိဉာဏ်ကင်းမဲ့မှု – မောဟ(ignorance)သို့မဟုတ် မိုက်မဲမှု (stupidity)သာဖြစ်သည်။ ယုတ်မာသူတစ်ဦးသည် အသိဉာဏ်ကင်းမဲ့သူဖြစ်သည်။ ၎င်းအား အပြစ်ဒဏ်ပေးခြင်း ပြစ်တင်ရှုတ်ချခြင်းထက် လမ်းညွှန်ပေးရန် လိုသည်။

ဗုဒ္ဓဝါဒအရ အပြစ်ကျူးလွန်သူအား ဘုရားသခင်၏ ပညတ်ချက်များကို ကျူးလွန်သူဟု သဘောမထားပေ။ သို့မဟုတ် ဘုရားသခင်၏ ခွင့်လွှတ်မှုနှင့် သနားကြင်နာမှုကို တောင်းပန်ရယူရမည့်သူဟုလည်း မယူဆချေ။ ဆင်ခြင်ဉာဏ်သုံး၍ ပြုပြင်နေထိုင်သွားတတ်ရန်ကိုသာ မိတ်သင်္ဂဟများက ထိုသူအား သွန်သင်တည့်မတ်ပေးဖို့ လိုသည်ဟု ယူဆသည်။

မိမိကျူးလွန်သော ပြစ်မှုမှ လွတ်မြောက်စေရန် ဘုရားသခင်ထံပါး၌ ဆုတောင်းဝတ်ပြုပြီး တောင်းပန်အသနားခံခြင်းဖြင့် လွတ်မြောက်လိမ့်မည်ဟု ဗုဒ္ဓဘာသာဝင်အနေဖြင့် မယုံကြည်ချေ။

ဂျော်န် ဝါးလ်တားစ်

**John Walters, *Mind Unshaken***

၁၁၈။ ဘုရားနှင့်ဘဝလွတ်မြောက်မှု

သတ္တဝါများကို ထိခိုက်နာကျင်စေခြင်း၊ သတ္တဝါများကို သတ်၍ ဘုရားအား ကိုးကွယ်ပတ်ပြုခြင်း၊ ချီးမြှောက်ခြင်း၊ ယဇ်ပူဇော်ခြင်းတို့ကို မပြုလုပ်ကြရန် ဗုဒ္ဓသည် လူ့သမိုင်းတွင် ဦးဆုံးဆုံးမတော်မူခဲ့သူဖြစ်သည်။

'ဘုရားများသည်ပင်လျှင် ဘဝလွတ်မြောက်မှုအတွက် ကြိုးပမ်းကြရန် လိုအပ်ကြောင်း' ကို ဗုဒ္ဓဘာသာကို ကောင်းစွာယုံကြည်သူတို့က ထုတ်ဖော်ကြေညာကြသည်။

ပါမောက္ခ ရိုက်စ် ဒေးဗိဒ်စ်
**Prof.Rhys Davids**

●

## ဗုဒ္ဓဝါဒတွင် လူ၏အနေအထား

၁၁၉။ လူ့ဘဝကို ကြိုတင်စီမံပြုလုပ်ထားသည်မဟုတ်

လူ၏ဘဝသည် အကြိမ်သန်းပေါင်းများစွာသော အတွေးနှင့် အလုပ် (thoughts and acts) တို့၏ ရလာဒ်ဖြစ်သည်။

လူ၏ဘဝကို ကြိုတင်စီမံပြုလုပ်ထားသည်မဟုတ်ပါ။ လူ၏ဘဝသည် ဖြစ်တည်လာခြင်းဖြစ်၍ ဆက်လက်ဖြစ်တည်ဆဲလည်းဖြစ်သည်။

လူတစ်ဦး၏ အကျင့်စာရိတ္တသည် ထိုသူကိုယ်တိုင်ကြိုတင် ရွေးချယ်ဆုံးဖြတ်သည့်အတိုင်း ဖြစ်၏။ တွေးခေါ်ကြံစည်မှုနှင့် လုပ်ကိုင်ဆောင်ရွက်မှုတို့သည်လည်း ထိုသူ၏ ရွေးချယ်မှုအတိုင်းပင်ဖြစ်၏။ ရွေးချယ်မှုများသည် အကျင့်ကိုဖြစ်စေပြီး ထိုအကျင့်သည် လူတစ်ဦး၏ဘဝကို ဖြစ်တည်စေ၏။

အရှင် ပိယဒဿိ

**Ven. Piyadassi**

၁၂၀။ သေခြင်း

သေခြင်းတရားကို ဆင်ခြင်ပါမူ 'သံဝေဂ' ရရှိမည် ဖြစ်ပါသည်။ ဤသို့ ဆင်ခြင်ပါက အသိတရားများ အမြန်ရရှိပြီး မိမိမသေဆုံးမီ ကောင်းမှုများပြုလုပ်ရန် ခွန်အားများဖြည့်စွမ်းပေးပါလိမ့်မည်။ အထူးသဖြင့် ဝိပဿနာတရား ပွားများအားထုတ်ဖြစ်စေပြီး နက်ရှိုင်းသော အမှန် (သစ္စာ) တရားနှင့် သိနားလည်မှုတို့ကို ကိုယ်တွေ့ သိရှိစေနိုင်မည်ဖြစ်ပါသည်။

မလေးရှားနိုင်ငံသား ဗုဒ္ဓဘာသာရဟန်းတော်
အရှင်ဝိသုဒ္ဓါစာရ
**Ven. Visuddhacara, *Loving and Dying***

၁၂၁။ မိမိကိုယ်မိမိယုံကြည်မှု

ဗုဒ္ဓဝါဒသည် လူတို့အား မိမိခြေထောက်ပေါ်မိမိ ရပ်နိုင်စေ၍ မိမိကိုယ်မိမိ ယုံကြည်မှုနှင့် မိမိအင်အားများကို နိုးထစေ၏။

အရှင် နာရာဒ ထေရ်ရ
**Ven. Narada Thera, *Buddhism in a Nutshell***

၁၂၂။ သဘာဝကိုသိနားလည်စေခြင်း

လူသည် သဘာဝ၏ စွမ်းအားများထက် သာလွန်ကြီးမား၏။ အကြောင်းမူ မိမိအား သဘာဝက ချေမှုန်းနိုင်သော်လည်း သဘာဝ၏ သဘောကို သိရှိနားလည်ခြင်းဖြင့် သဘာဝအပေါ် ချယ်လှယ်စိုးမိုးနိုင်စွမ်းရှိသောကြောင့်ဖြစ်၏။

ဗုဒ္ဓဝါဒသည် ဤမျှထက် ကျော်လွန်၍ အမှန်တရားကို

သိရှိနားလည်စေ၏။ ဗုဒ္ဓဝါဒသည် လူတို့အား သဘာဝ၏သဘော ကို သိနားလည်စေလျက် ဘဝအခြေအနေများကို ထိန်းချုပ်နိုင်စွမ်း ရှိစေ၏။ ဗုဒ္ဓဝါဒသည် လူတို့အား သဘာဝက ချေမှုန်းခြင်းကို တားဆီးစေနိုင်ပြီး၊ သဘာဝ၏ နိယာမများကို ပြန်လည်အသုံးချ ခြင်းဖြင့် လူတို့၏ဘဝကို တိုးတက်မြင့်မားစေ၏။

ပြင်သစ်နိုင်ငံသား သင်္ချာပညာရှင် ဘီ၊ ပါစ်ကယ်လ်
**B.Pascal, *French Mathematician***

၁၂၃။ ခန္ဓာကို စွန့်ပစ်ခြင်း

ဗုဒ္ဓက "အရာရာသည် မတည်မြဲကုန်၊ လူတို့သည် တရား ဘာဝနာကို အားထုတ်ကြပါက၊ မတည်မြဲသည့်သဘောကို ပို၍ နက်ရှိုင်းစွာ သိမြင်လာကုန်အံ့။ ဤခန္ဓာ (ရုပ်) သည် မိမိ၏ ခန္ဓာ မဟုတ်သည်ကိုလည်းကောင်း၊ ဤစိတ် (နာမ်) သည် မိမိ၏ စိတ် မဟုတ်သည်ကိုလည်းကောင်း အထင်အရှား တွေ့သိရကုန်အံ့။ သို့ သိရလျှင် ကျွန်ုပ်တို့၏ ရုပ်နှင့်နာမ်ကို ဤမျှတွယ်တာကြတော့မည် မဟုတ်ပေ။ ထို့ကြောင့် ခန္ဓာ (ရုပ်) ကို စွန့်ပစ်ရန် ကျွန်ုပ်တို့ ဝန်လေး ကြတော့မည် မဟုတ်ပေ" ဟု မိန့်တော်မူ၏။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဝိသုဒ္ဓါစာရ
**Ven. Vissuddhacara, *Loving and Dying***

●

## မြန်မာပြန်သူ၏
## မေတ္တာပို့ ဆုတောင်း၊ အမျှဝေ

### မေတ္တာပို့

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ၊
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တုသဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ၊ ဆင်းရဲဒုက္ခရောက်နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဉသုံ အလုံးစုံလည်းဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိဒ္ဒုက္ခာစ၊ ဆင်းရဲဒုက္ခ ကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဘယပ္ပတ္တာ၊ ကြောက်လန့်မအေး ဘေးနှင့်ရင်ဆိုင်တွေ့နေကြရကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဉသုံ အလုံးစုံလည်းဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိဗ္ဘယာစ၊ ကြောက်လန့်ကင်းကွာ ဘေးဘယာမရှိ ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သောကပဝ္ဂတ္တာ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရသို့ ရောက်၍ နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်။ နိဿောကာစ၊ ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်း ကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

**ဆုတောင်း၊ အမျှဝေ**

ဣဒံပုညံ၊ ကုသလံ၊ နိဗ္ဗာန်ရောက်စေသော။ မမပုညံ၊ ဝေနေယျံ၊ သမ်ဝေဌသော။ ကြားတွေ့ဖတ်ရှု၊ နတ်လူစု၊ သာဓုနမော် ခေါ်စေသော်။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

●

ဓမ္မ(တရားတော်)

| | | |
|---|---|---|
| ယောဓမ္မော | ...... | အကြင်တရားတော်သည်၊ |
| သတ္တာနံ ဒုက္ခံ | ...... | သတ္တဝါတို့၏ ဆင်းရဲအပေါင်းကို၊ |
| သရိတိတိံသတိ | ...... | ဖယ်ရှား၊ ကာကွယ်တတ်၏။ |
| ဣတိ | ...... | ထို့ကြောင့်၊ |
| သောဓမ္မော | ...... | ထိုတရားတော်သည်၊ |
| သရဏံ သရဏ | ...... | ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ အားကိုးရာမည်၏။ |

# ထွက်ခါမြို

## အရှင်သေဋ္ဌိလ၏ ဗုဒ္ဓဝါဒအခြေခံ

သစ္စာရှင်မြန်မာပြန်သည်

- အကောင်းမြင်ဝါဒဟာ ဘဝအခြေအနေကို 'ပိုပြီး' တွက်ချက်စေသလို၊ အဆိုးမြင်ဝါဒဟာ 'လျှော့ပြီး' တွက်ချက်စေပါတယ်။
- လူ့ဘဝဟာ အနေမှန်အောင်မနေတတ်ရင် ပူဆွေးရမှုဒုက္ခတွေနဲ့ အတိ ပြည့်နှက်လို့နေပါလိမ့်မယ်။
- လောဘဟာ လူ့ရဲ့တန်ဖိုးကို ပျက်ယွင်းစေပြီး ဒီလောဘကြောင့်ပဲ ပညာဉာဏ်နဲ့ ဆင်ခြင်တုံတရားကို လွှမ်းမိုးထိခိုက်စေပါတယ်။
- စွဲလမ်းမှု သို့မဟုတ် ကိုယ်ကျိုးရှာလိုချင်တပ်မက်မှု မရှိခြင်းဟာ ဘဝရဲ့အတားအဆီးမှန်သမျှကို ဖယ်ရှားပစ်လိုက်ခြင်းမည်ပါတယ်။
- အနှောင်အဖွဲ့များမှ လွတ်လပ်နေသူဟာ လောကရဲ့နိဗ္ဗာန်သို့ ရောက်ရှိနေသူဖြစ်ပါတယ်။
- ကမ္ဘာ့ဌာန်းဘာဝနာ စီးဖြန်းအားထုတ်ခြင်းဟာ မိမိတို့ရဲ့ဉာဏ်ပညာနဲ့ သိမြင်မှုအရည်အသွေးကို မြင့်မားလာစေပါတယ်။
- စိတ်ဆန္ဒသာရှိပြီး လက်တွေ့လုပ်ဆောင်မှုမရှိရင် ဘာမျှအရာရောက်မှာမဟုတ်ပါဘူး။
- ပျော်ရွှင်ချမ်းမြေ့မှုကို မိမိကိုယ်တွင်း၌ ရှာဖွေ၍မရနိုင်လျှင် အခြား မည်သည့်နေရာတွင်မျှ ရှာဖွေ၍ ရနိုင်လိမ့်မည်မဟုတ်ပါ။

**ဝိုင်ဦးချိုစာပေ** ■ ၂၃၃၊ ဒုတိယထပ်(ယာ)၊ ၂၉ လမ်း၊ ရန်ကုန်။

# ထွက်ခါဖြို

အရှင်သေဋ္ဌိလ

အသုံးချအဘိဓမ္မာတရားတော်

- အဘိဓမ္မာသင်ကြရတဲ့ဥစ္စာ ဘာလုပ်ကြဖို့တုံးဆိုတော့ ရည်ရွယ်ချက်ကိုက 'နိမ့်ရာက မြင့်ရာတက်ဖို့၊ မစင်ကြယ် သောနေရာက စင်ကြယ်သော အဖြစ်သို့ ရောက်အောင် တက်လှမ်းဖို့၊ သေးသိမ်သောအဖြစ်မှ ကြီးကျယ်သောအဖြစ် သို့ရောက်အောင်၊ ယုတ်နိမ့်သောအဖြစ်မှ မြင့်မြတ်သော အဖြစ်သို့ရောက်အောင်၊ အမိုက်မှောင်အဝိဇ္ဇာမှ အလင်းရောင် ဝိဇ္ဇာသို့ရောက်အောင်' ဟောကြတာ လေ့လာကြတာပဲ။ ဒါဟာ ဗုဒ္ဓရဲ့ရည်ရွယ်ချက်ပဲ။
- နေ့စဉ်နှင့်အမျှ သီလပြည့်စုံနေအောင် ကြိုးစားရမယ်။ ဘုန်း ကြီးချင်ရင် သီလပြည့်စုံအောင်လုပ်။ ပစ္စည်းဥစ္စာပေါကြွယ်ဝ ချင်ရင်လည်း သီလပြည့်စုံအောင်လုပ်။ သီလမရှိတဲ့လူဟာ ဘုန်းကြီးရင်လည်း တမွန်းတည့်ပဲ။ ဘာပဲလုပ်လုပ် ခဏပဲ ခံစားရတယ်။ ခဏချင်း တိုက်ကြီးတစ်လုံးဆောက်လိုက်တာ တော်နေကြာ တိုက်ကြီးက ပြိုသွားမှာပဲ။
- သီလဆိုတဲ့ ကိုယ်ကျင့်တရားမှ မရှိတဲ့လူက စိတ်စင်ကြယ် အောင် မတတ်နိုင်ဘူး။
- မောဟ က မသိတာ။ ဒိဋ္ဌိက အမှားသိတာ။ မောဟ မသိ တာက မသိတာရိုးရိုးဘဲ။ ဒိဋ္ဌိက မှားတာကြီးကို အမှန်သွား ထင်ပြီးတော့ သိတာ။ သူက ပိုဆိုးတာပေါ့။
- သံသရာတခွင်မှာ ဒါန မပါလို့ရှိရင် ဘယ်ချမ်းသာနိုင်ပါ့ မလဲ။

**ဝိုင်ဦးချိုစာပေ** ■ ၂၃၃၊ ဒုတိယထပ်(ယာ)၊ ၂၉ လမ်း၊ ရန်ကုန်။

**ထွက်တော့မည်**

အရှင်သေဌ္ဌိလ

# ကမ္ဘာကြီးအတွက် မြတ်ဗုဒ္ဓ

**WHAT DID THE BUDDHA DO FOR THE WORLD**

သစ္စာရှင် မြန်မာပြန်သည်

ခွင့်ပြုချက် - ၄၇/၉၇(၁၀)

***ပါဝင်သည့်အကြောင်းအရာများ***

- အဘိဓမ္မာဒဿန
- အဘိဓမ္မတ္ထသင်္ဂဟ
- ပဋိစ္စသမုပ္ပါဒ်
- နိဗ္ဗာန်
- ကမ္ဘာကြီးအတွက် မြတ်ဗုဒ္ဓ
- လူ့သဘာဝနှင့်ကံတရား
- ကမ္မ (ကံ)
- သေခြင်း
- ပြန်လည်မွေးဖွားခြင်း
- ဗုဒ္ဓဝါဒနှင့် အမျိုးသမီးများ၏ အနေအထား
- ကိုးကွယ်အားထားရာ ရတနာသုံးပါး
- ဗုဒ္ဓဝါဒနှင့်မြန်မာနိုင်ငံ
- စိတ်ပိုင်းဆိုင်ရာအခြေခံနှင့် အာရုယဉ်ကျေးမှု

**ဝိုင်ဦးရျိစာပေ** ■ ၂၃၃၊ ဒုတိယထပ်(ယာ)၊ ၂၉ လမ်း၊ ရန်ကုန်။

စာပေဆုတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

စာကြည့်တိုက်

[illegible]

- ဘာသာများစွာဖြင့် ပြန်ဆိုခဲ့ပြီးဖြစ်သည့်လူ့ဘဝဆိုင်ရာစာအုပ်။
- ဘဝတည်ဆောက်ရာ၌ သိထားရမည့် ဆင်ခြင်စရာ,မှတ်သား စရာ, ဆောင်ရန်, ရှောင်ရန်များကို တင်ပြထားသည့် အတွေး အမြင်စာအုပ် ။

## သစ္စာရှင်

# လူသားဘဝ

# PERSONHOOD

Leo F. Buscaglia

ခွင့်ပြုချက် - ၃၉၀/၉၇(၆)

- ဘဝရှုံးတဲ့သူတွေ ဘဝကို လျစ်လျူရှုထားကြတဲ့ သူတွေကို နေ့စဉ်လိုပဲ တွေ့ကြုံနေရပါတယ်။ အဆိုးဆုံးကတော့ သူတို့ ရဲ့ လူသားဘဝကို လုံးဝ တန်ဖိုးမထားကြခြင်းဘဲ ဖြစ်ပါတယ်။
- ဤလောကတွင် လူသားတစ်ယောက်အဖို့ မိမိ၏ဘဝပန်းတိုင် ဆီသို့ အရောက်တက်လှမ်းရန်မှတပါး၊ ခုံမင်တွယ်တာစရာ အခြားဘာမျှ မရှိတော့ပြီကို ယနေ့ကျွန်ုပ်သိပြီ။
- မိမိ၏လက်ရှိအခြေအနေသည် ပြည့်စုံသော လူသား တစ် ယောက်ဖြစ်နိုင်ရန်အတွက် လိုအပ်သည့် အစွမ်းသတ္တိများ နှင့် အတိဖြစ်၏။

ပိုင်ဦးချိုစာပေ ■ ၂၃၃၊ ဒုတိယထပ်(ယာ)၊ ၂၉ လမ်း၊ ရန်ကုန်။

- Prof. Max Muller
- Sir Edwin Arnold
- H. G. Wells
- Ashin Thittila
- Ven. Visuddhacara
- Nehru
- Dr. S. Radha Krishnan
- Moni Bagghee
- Dr. Edward Conze
- Ven. S. Dhammika
- Prof. Lakshmi Narasu
- Phra Khantipalo
- Prof. Rhys Davids
- Ven. Dr. W. Rahula
- Albert Einstein
- Bandaranaike
- Ven. Narada Thera
- Christmas Humphreys
- Ven. A. Mahinda
- Bertrand Russell
- Emperor Asoka
- Albert Schweitzer
- Mahatma Gandhi
- T. H. Huxley

စသည့်
ပညာရှင် (၃၆) ဦးတို့၏
ဗုဒ္ဓဝါဒအပေါ် အမြင်ကို
တင်ပြထားသည်။